ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ရက်၊ အင်္ဂါနေ့၊ (11-5-2004) (၄၂၁၀)

ကတညုတာ တော် မင်္ဂလ မုတ္တမံ	သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ မုန်းချောင်းရေအားလျှပ်စစ်စက်ရုံတွင် ကြည့်ရှုစစ်ဆေးကြစဉ်။

(သတင်းစဉ်)

ဥပုသ်နေ့မှိုဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မကွေးတိုင်းရှိ မုန်းချောင်းရေလှောင်တမံ အဆင့်ဆင့်တည်ဆောက်ရေးစီမံကိန်းများ ကြည့်ရှုစစ်ဆေး

မုန်းချောင်းရေအားလျှပ်စစ်စက်ရုံ လာမည့်ဇူလိုင်လမှစ၍ လျှပ်စစ်ဓာတ်အား စတင်ထုတ်ပေးမည် ကျန်ရှိနေသော တည်ဆောက်ရေးလုပ်ငန်းများ အချိန်ကိုက်ပြီးစီးအောင် ဆောင်ရွက်ရန်မှာကြား



ရန်ကုန် မေ ၁၀

မန္တလေးတိုင်း ပုဂံ–ညောင်ဦး၌ ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့်ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်း **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❁

မကွေးတိုင်း စေတုတ္တရာမြို့မြောက်ဘက် နှစ်မိုင်ခန့်အကွာ မုန်းချောင်းပေါ်တွင် တည်ဆောက်နေသည့် မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို တွေ့ရစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၁-၅-၂၀၀၄
(အင်္ဂါနေ့)

စိုက်ပျိုးရေ တိုးချဲ့ပေးဝေနိုင်ရေး မြို့နယ်အလိုက် ဆက်လက်ကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးကို အခြေခံပြီး အခြားသောကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် အဘက်ဘက်က အားပေးကူညီဖြည့်ဆည်းပေးလျက်ရှိသည်။ စိုက်ပျိုးရေးတွင် အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေဖူလုံစွာ ရရှိစေရေးအတွက် နည်းလမ်းအသွယ်သွယ်ဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အဖွဲ့ဝင်များ လိုက်ပါလျက် မေလ ၇ရက်နေ့က မန္တလေးတိုင်းနှင့် မကွေးတိုင်း အတွင်းရှိ မြို့နယ်များသို့သွားရောက်၍ သီးနှံစိုက်ပျိုးထားရှိမှု၊ စိမ်းလန်းစိုပြည်မှုနှင့် ရေအရင်းအမြစ် တည်ရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးက ခရီးစဉ်အတွင်း ကျောက်ဆည်မြို့နယ် ရွာသာယာမြစ်ရေတင်စခန်းသို့ ရောက်ရှိစဉ် သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် တွေ့ဆုံရာ၌ **မိတ္ထီလာခရိုင်အတွင်းရှိ ဆည်၊ တမံများ၏ လက်ရှိရေသောက်ဧရိယာများနှင့် တစ်ဆက်တစ်စပ်တည်း ကျယ်ပြန့်သော ရေသောက်ဧရိယာ ဖြစ်ပေါ်လာနိုင်အောင် မြို့နယ်အလိုက် မြေပြင်အနေအထား၊ ဒေသအတွင်း စီးဆင်းနေသော ချောင်းမြောင်းများ၏ ရေစီးရေလာအခြေအနေ၊ မြစ်ငယ်မြစ်နှင့် ဇော်ဂျီမြစ်တို့၏ မြစ်ရေများကို ကုန်ကျစရိတ်အနည်းဆုံး၊ လုပ်ငန်းပမာဏအနည်းဆုံးဖြင့် ရေစုပ်တင်၍ ရေဖြန့်ဝေပေးနိုင်မည့် နည်းလမ်းတို့ကို အသေးစိတ်ကွင်းဆင်းလေ့လာ တိုင်းတာရန်ဖြစ်ကြောင်း** မှာကြားသွားသည်။

မိတ္ထီလာလွင်ပြင်သည် ကျယ်ပြန့်သောဒေသဖြစ်သည်နှင့်အညီ စပါးသီးနှံအပါအဝင် ရာသီအလိုက်သီးနှံများ အပြည့်အဝ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေလုံလောက်စွာရရှိရန် လိုအပ်သည်။ ဒေသအတွင်း စိုက်ပျိုးရေလုံလောက်စွာရရှိခြင်းဖြင့် စိုက်ပျိုးရေးအတွက်သာမက ဒေသစိမ်းလန်းစိုပြည်ရေး၊ ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာရေးတို့ကိုပါ အကျိုးသက်ရောက်မှု ရရှိစေမည်ဖြစ်သည်။

ထို့ကြောင့် ဒေသအတွင်း စီးဆင်းနေသော ချောင်းမြောင်းများ၊ မြစ်ငယ်မြစ်နှင့် ဇော်ဂျီမြစ်တို့၏ မြစ်ရေများမှ ကုန်ကျစရိတ်အနည်းဆုံးဖြင့် ရေစုပ်တင်ဖြန့်ဝေပြီး စိုက်ပျိုးရေတိုးချဲ့ပေးဝေနိုင်ရေး နည်းလမ်းရှာဖွေကြိုးပမ်းကြရမည်ဖြစ်သည်။

အလားတူ ပခုက္ကူလွင်ပြင်၌လည်း ဧရာဝတီမြစ်မှ မြစ်ရေတင်လုပ်ငန်းများဖြင့် စိုက်ပျိုးရေပေးဝေပြီး သီးနှံစိုက်ပျိုးလျက်ရှိသည်။ ပခုက္ကူခရိုင်အတွင်း ပခုက္ကူမြို့နယ်၊ ရေစကြိုမြို့နယ်နှင့် ပေါက်မြို့နယ်တို့၌ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများကို ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည်။

သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်များအနေဖြင့် လက်ရှိဆည်တမံ လုပ်ငန်းများနှင့် မြစ်ရေတင်လုပ်ငန်းများကို အသုံးပြုပြီး ရေသောက်ဧရိယာများ ဖြစ်နိုင်သမျှ တိုးချဲ့ပေးနိုင်ရေး ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်သည်။ ချင်းတွင်းမြစ်၌ တည်ဆောက်မည့် ရွှေစာရေးဒေသ ရေအားလျှပ်စစ်စီမံကိန်းမှတစ်ဆင့် ပခုက္ကူခရိုင်အတွင်းရှိ စိုက်ပျိုးမြေများ တိုးချဲ့ရေပေးဝေနိုင်မည့် အလားအလာများကို ကြိုတင်ပြင်ဆင်တိုင်းတာမှုများ ပြုလုပ်ထားကြရမည်ဖြစ်သည်။

ဒေသခံတောင်သူလယ်သမားများကလည်း ဒေသဆန်ဖူလုံရေး၊ ဒေသရေမြေ ရာသီဥတုနှင့် ကိုက်ညီဖြစ်ထွန်းသည့် ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံနှင့် ချည်မျှင်ရှည်ဝါတို့ကို ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး အားသွန်ကြိုးပမ်းကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မိတ္ထီလာလွင်ပြင်၊ ပခုက္ကူလွင်ပြင်တို့၌ စပါးသီးနှံအပါအဝင် ရာသီသီးနှံများ အပြည့်အဝစိုက်ပျိုးနိုင်ရေးနှင့် ဒေသစိမ်းလန်းစိုပြည်စေရေးတို့အတွက် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်အလိုက် တာဝန်ရှိသူများက စိုက်ပျိုးရေ တိုးချဲ့ပေးဝေနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံကတိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



☆ **ကျောဖုံးမှ**

ဆက်လက်၍ ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး၊ဇနီးဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ဘုရားအမှတ်(၃၉၂)အားဖူးမြော်ကြည်ညိုကြသည်။

ဆင်များရှင်ဘုရား

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ဆင်များရှင်ဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

(သတင်းစဉ်)

တိုင်းရင်းသား ဖွံ့ဖြိုးရေး တက္ကသိုလ်သင်တန်းများ ဇွန် ၁ရက်တွင် ဖွင့်မည်

ရန်ကုန် မေ ၁၀

၂၀၀၄-၂၀၀၅ခု ပညာသင်နှစ်အတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၌ နှစ်စဉ် ပုံမှန်သင်တန်းများဖြစ်သော ပညာရေးဘွဲ့(ဘီအီးဒီ) လေးနှစ်သင်တန်းများ၊ အလယ်တန်း ဆရာအတတ်သင် တစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့(ဘီအီးဒီ) တစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့ (ဘီအီးဒီ) ပေါင်းကူး နှစ်နှစ်သင်တန်းနှင့် ဆရာအတတ်ပညာဒီပလိုမာ တစ်နှစ်သင်တန်းတို့ကို ၂၀၀၄ခုနှစ် ဇွန် ၁ရက်(အင်္ဂါနေ့)တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းအသီးသီးသို့ တက်ရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူများသည် ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ မေလနောက်ဆုံးပတ်အတွင်း ရောက်ရှိသတင်းပို့ကြရန် ပြည်နယ်၊ တိုင်းအသီးသီးသို့ နှိုးဆော်ထားသည်။

(သတင်းစဉ်)

ဖူးမြော်ကြည်ညို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း မေ ၉ရက်က ဆင်များရှင်ဘုရားအား ဖူးမြော်ကြည်ညိုစဉ်။

(သတင်းစဉ်)

ရွာရန်ရာနှုန်း(၈၀)

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀)ဖြစ်သည်။

ပေးအပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း မေ ၉ရက်က ပုဂံရှိ အလိုတော်ပြည့်ဘုရားအတွက် အလှူတော်ငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

(၁၀-၅-၂၀၀၄)

ညောင်ဦး-၄၂ဒီဂရီစင်တီဂရိတ် (၁၀၇ဒသမ၆ဒီဂရီဖာရင်ဟိုက်)

မကွေး-၄၂ဒီဂရီစင်တီဂရိတ် (၁၀၇ဒသမ၆ဒီဂရီဖာရင်ဟိုက်)

ရန်ကုန်-၃၂ဒီဂရီစင်တီဂရိတ် (၉၀ဒီဂရီဖာရင်ဟိုက်)

သာသနိက အဆောက်အအုံများ ရေစက်ချလှူဒါန်းမည်

ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် ရတနာကျွန်းရိပ်သာ၊ ကျောက်စိမ်းပတ်လမ်း မြကျွန်းသာ လူမျိုးစုပရိယတ္တိစာသင်တိုက်ပဓာနနာယက ဆရာတော်ဘဒ္ဒန္တဝိမလဗုဒ္ဓိ ပရဟိတဖွံ့ဖြိုးရေးသာသနာပြု(တောင်တန်းသာသနာပြု) အမှူးထား၍ မေ ၁၂ ရက်တွင် အလှူဒါယကာဦးလှကြည်-ဒေါ်အေးအေးသွယ် မိသားစု တို့က ရတနာဒီပ သိမ်တော်ကြီးနှင့် သာသနိက အဆောက်အအုံများ ရေစက်ချ လှူဒါန်းပွဲတွင် ည ၇နာရီခွဲမှ ၉နာရီခွဲထိ ရွှေမန်းဦးသူရိယ (ဓမ္မာစရိယ)က တရားတော်များဟောကြားမည်ဖြစ်သည်။ (က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ဆရာတိုက်စိုး အမှတ်တရ

ချစ်နိုင်(စိတ်ပညာ)

၂-၅-၂၀၀၄ ရက်နေ့တွင် စာပေဗိမာန်အဆောက်အအုံ ဒုတိယထပ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဟောပြောခန်းမကြီးမှာ မြန်မာနိုင်ငံ စာနယ်ဇင်း(ဗဟို)နဲ့ မြန်မာနိုင်ငံစာကြည့်တိုက်ပညာရှင်များအသင်းတို့ ပူးပေါင်းစီစဉ်ကြတဲ့ **တိုက်စိုး အမှတ်တရ စာတမ်းဖတ်ပွဲ**ကို ကျင်းပခဲ့ပါတယ်။ ပြန်ကြားရေးဝန်ကြီးနဲ့ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပါတယ်။ ဖွင့်ပွဲမှာ သဘာပတိ ဆရာပါရဂူက အမှာစကားပြောကြားပါတယ်။ စာပေဟာ နိုင်ငံ တည်ဆောက်ရာမှာ တစ်တပ်တစ်အား ပါဝင်တယ်။ စာပေရဲ့ အသိဉာဏ်ပညာ ဖြန့်ဝေမှု၊ အလင်းရောင်ပေးမှု၊ ဆွဲဆောင်လှုံ့ဆော်မှုတွေကြောင့် လူသားတွေရဲ့ အတွေးအမြင်၊ အယူအဆ၊ အနေအထိုင်၊ လူမှုဘဝတွေကို သမိုင်းကြောင်း တစ်လျှောက်တွင် ကြီးမားစွာ ပြောင်းလဲစေခဲ့တယ် ဆိုတာ ထည့်သွင်းပြောကြား တယ်။

Republic စာအုပ်ကို ရေးသားသူ ဂရိပညာရှိ ပလေတို၊ ပြဇာတ်များစွာ ရေးသားခဲ့သူ အင်္ဂလိပ်စာရေး ဆရာဝီလျံရှိတ်စပီးယား၊ စစ်နဲ့ငြိမ်းချမ်းရေး ဝတ္ထုကို ရေးခဲ့သူ လီယိုတော်လ်စတွိုင်း၊ တရုတ်ပြည်သူတို့ရဲ့ ဘဝကို ပီပြင် အောင်ရေးသားခဲ့သူ လူရွှန်း၊ အိန္ဒိယစာဆိုတော်ကြီး တဂိုး၊ မဃဒေဝလင်္ကာသစ်ကို ရေးဖွဲ့သီကုံးတော်မူခဲ့သော မြန်မာစာဆို အကျော်အမော် မန်လည်ဆရာတော် အရှင်ဇဝနအစရှိတဲ့ ပုဂ္ဂိုလ်များစွာတို့ဟာ လူသားတွေရဲ့ဘဝကို တိုးတက် ပြောင်းလဲအောင် စွမ်းဆောင်ခဲ့ကြတယ်။ စာပေသမိုင်းနဲ့ လူ့သမိုင်းဟာ ဆက်စပ်နေတယ်။ စာပေမြင့်ရင် လူတွေရဲ့ လူနေမှုဘဝ၊ အတွေးအခေါ်၊ စည်းကမ်းစနစ်နဲ့ ယဉ်ကျေးမှုတွေပါ မြင့်စေတယ်။ စာပေကို ရေးသားပြုစုကြတဲ့ စာရေးဆရာများရဲ့ လူ့ဘောင်လောကကို ဦးဆောင်ရှေ့ရှုက်ပြုကြတဲ့ သဘောကို ဆရာကြီးပါရဂူက ပြောပြပါတယ်။ တရုတ်စာပေသမိုင်းကို အကြမ်းဖျင်း ခွဲခြားစိစစ်ကြည့်ရင် တန်မင်းဆက်၊ ဆွန်မင်းဆက်စတဲ့ ရှေးဟောင်းပဒေသရာဇ် ခေတ်စာပေများ၊ နှစ်ဆယ်ရာစု ဦးပိုင်းအနှစ်၅၀၊ တော်လှန်ရေးခေတ်စာပေများနဲ့ လွတ်လပ်ရေးရပြီး ၁၉၄၉ ခုနှစ် နောက်ပိုင်းစာပေများလို့ ပိုင်းခြားလေ့လာသင့် တယ်ဆိုတာကို ဖော်ပြတယ်။ ကူမိုးရိုး၊ လောင်ဂူ၊ ပါကျင့်စတဲ့ တရုတ်စာရေး ဆရာတွေဟာ တရုတ်ပြည်ရဲ့ ထင်ရှားတဲ့ စာရေးဆရာတွေပဲ။ ထူးခြား တိုက်ဆိုင်တာတစ်ခု အံ့သြစရာရှိတာက ပစ္စည်းမဲ့ဆင်းရဲသားတွေရဲ့ဘဝကို ပိုင်နိုင်စွာ သရုပ်ဖော်ရေးဖွဲ့ခဲ့တဲ့ ရုရှားစာရေး ဆရာကြီး မက္ကဇင်ဂေါ်ကီရယ်၊ အိန္ဒိယလယ်သမားများရဲ့ဘဝကို ပေါ်လွင်အောင် ရေးသားခဲ့တဲ့ စာရေးဆရာကြီး ပရင်တန်ရယ်၊ တရုတ်ဆင်းရဲသားတို့ရဲ့ဘဝ (အာကျူအစရှိတဲ့ ဝတ္ထုများကို) ရေးသားခဲ့သူ လူရွှန်းတို့ဟာ သူတို့တိုင်းပြည်နဲ့ လူမျိုးကို တိုးတက်ဖွံ့ဖြိုး စေချင်အောင် သရုပ်ဖော်ပြီး လူတွေကို လှုံ့ဆော်ခဲ့ကြတာတူကြတယ်။ ကွယ်လွန် တာလည်း တစ်နှစ်တည်းပဲတဲ့။ ၁၉၃၆ ခုနှစ်။

ဆရာပါရဂူ အဖွင့်အမှာစကား ပြောကြားတာဟာ ၁၀ မိနစ်၊ ၁၂ မိနစ်မျှသာ ရှိပါတယ်။ ဆရာဟာ သူပြုစုရေးသားပြင်ဆင်လာတဲ့ စာရွက်လေးရွက်၊ ငါးရွက်ကိုဖတ်ပြီး အနှစ်သာရရှိရှိ ပြောသွားပါတယ်။

ဉာဏ်သစ်အရေးတော်ပုံများရဲ့ မြစ်ဖျားခံရာဟာ စာပေဖြစ်တယ်။ စာအုပ်စာပေတွေ သိုမှီးစုဆောင်းထားတဲ့ စာကြည့်တိုက်တွေဟာ တိုင်းပြည်နဲ့ လူမျိုးကိုတိုးတက်အောင်၊ လူသားအရင်းအမြစ်တွေကို ဖွံ့ဖြိုးမြင့်မားအောင် အမှန်တကယ်အခြေခံကျတဲ့ အရင်းအမြစ်တွေဖြစ်ပါတယ်။ စက်မှုဉာဏ်သစ် အရေးတော်ပုံနဲ့အတူ ဥရောပနိုင်ငံတွေ လျင်မြန်စွာ ဖွံ့ဖြိုးကြတာဟာ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာကြည့်တိုက်များတစ်ဟုန်ထိုး အရေအတွက်ရော အရည် အချင်းရော တိုးတက်ခဲ့ကြခြင်းကြောင့် အကြောင်းရင်းတစ်ချက်ပါဝင်တယ်။ မြို့နယ်ယဉ်ကျေးမှုအဖွဲ့၊ မြို့နယ်သာယာရေးအဖွဲ့၊ စက်ရုံ၊ ကျောင်း၊ ဌာန အသီးသီးမှာ စာကြည့်တိုက်၊ စာဖတ်ခန်းတွေရှိခဲ့ကြတယ်။ စာဖတ်မှလူတွေ ဗဟုသုတ ပြည့်ဝလာတယ်။

အသိဉာဏ်နဲ့လူမှုရေး၊ စီးပွားရေးဘဝ။
စာအုပ်စာပေနဲ့လူနေမှုအဆင့်အတန်း။
စာကြည့်တိုက်နဲ့လူတွေရဲ့ဖွံ့ဖြိုးမှု။

ဒါတွေဟာ ဆွဲခွာလို့မရအောင် အကြောင်းအကျိုးထိစပ်နေကြတယ်။ လူတွေရဲ့ အတွေးအမြင်၊ အယူအဆ၊ အသိအမြင် ဗဟုသုတတို့ကို စာအုပ် စာပေနဲ့ မမြှင့်တင်နိုင်ပါဘူး။ ယခုခေတ်မှာ တွင်ကျယ်လာတဲ့ အီလက်ထရောနစ် မီဒီယာဟာလည်း လူဦးရေအများစုနေထိုင်ရာ ကျေးလက်တောရွာနဲ့ ရပ်ကွက် အကြို အကြားထိအောင်တော်တော်နဲ့ မပေါက်ရောက်နိုင်သေးပါဘူး။ စာအုပ် စာပေတွေထားရှိ စုဆောင်းတဲ့ စာကြည့်တိုက်ကို အသုံးချတတ်သူများလေလေ ထိုမြို့၊ ထိုရွာအတွက် တိုးတက်ဖွံ့ဖြိုးရန် အင်အားနဲ့ အရှိန်အဟုန်ကောင်း လာလေလေပါပဲ။

စာရေးဆရာကြီး ပါရဂူဟာယခုအသက် ၈၀ကျော်ခဲ့ပါပြီ။ သူဟာနှစ်စဉ် အကန်တော့ခံ စာပေပညာရှင်ကြီးတစ်ဦးဖြစ်ပါတယ်။ သူ့မှာရှိတဲ့ စာအုပ်ပေါင်း များစွာကို သူကပါရဂူ ရှန်တိနိကေတန်ဆိုပြီး ရည်ညွှန်းစာကြည့်တိုက်ကြီးတစ်ခု ဖြစ်အောင် တည်ဆောက်ထူထောင်နေပါတယ်။ သူရတဲ့စာမူခ၊ သူရေးလို့ရတဲ့ စာပေဝန်ဆောင်ခစသည်တို့နဲ့ မတည်ပြီးလည်းကောင်း၊ အားပေးထောက်ကူ လှူဒါန်းကြသူများရဲ့ပါဝင်ပူးပေါင်းမှုနဲ့လည်းကောင်း တော်တော်လေးခရီးရောက် နေပြီ ကြားသိရပါတယ်။

၂-၅-၂၀၀၄ (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှာ ကျင်းပခဲ့တဲ့ ဆရာတိုက်စိုး အမှတ်တရ စာတမ်းဖတ်ပွဲတွင် စာရေးဆရာ၊ စာပေပညာရှိ တိုက်စိုး (ဦးသန်းထွတ်)ရဲ့ စွမ်းရည်နဲ့ စေတနာကို ဂုဏ်ပြုဖော်ပြသွားခဲ့ကြပါတယ်။

ဆရာတိုက်စိုးဟာ စာအုပ်ပေါင်းထောင်သောင်းကို ဖတ်ရှုလေ့လာခဲ့တဲ့ စာပေမွေ့သူ၊ စာပေသုတေသီ၊ စာကြည့်တိုက် ပညာရှင်တစ်ဦးဖြစ်ပါတယ်။ ဆရာတိုက်စိုး (၁၉၂၀-၂၀၀၃)ဟာ တိုတိုရှင်းရှင်းနဲ့ ထိထိမိမိ၊ တိတိကျကျ ရေးသားလေ့ရှိတဲ့ စာပေပညာရှင်ဖြစ်ပါတယ်။ ယဉ်ကျေးမှု ဗိမာန်ဦးစီးဌာန တွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် ၁၀ နှစ်အပါအဝင် ရာထူးတာဝန်ကြီးများကို ထမ်းဆောင်သွားခဲ့ပါတယ်။

"မင်္ဂလာပါဆရာမ" စာအုပ်နဲ့ ၁၉၉၆ ခုနှစ်၊ ဘာသာပြန်(ရသ) အမျိုးသားစာပေဆုရခဲ့တယ်။

"ဇေယျ"စာအုပ်နဲ့ ၂၀၀၀ ပြည့်နှစ် စာပေဒေသာဆု၊ အမျိုးသားစာပေဆုကို ထပ်မံရခဲ့ပါတယ်။ ဆရာတိုက်စိုးရေးခဲ့တဲ့ လုံးချင်းစာအုပ် ၂၃ အုပ်ရှိနေပါ တယ်။ လွယ်သည်ဖြစ်စေ၊ ခက်သည်ဖြစ်စေ၊ နီးသည်ဖြစ်စေ၊ ဝေးသည်ဖြစ်စေ၊ တိုက်စိုး (၁၉၂၀-၂၀၀၃)ဆိုတဲ့ နှစ်ဆယ်ရာစု မြန်မာသုတေသီ ပညာရှင် တစ်ယောက် စုဆောင်းပြုစုခဲ့တဲ့ စာအုပ်မျိုးကိုဖတ်ဖြစ်အောင် ဖတ်လိုက်စမ်းပါလို့ အလေးအနက် တိုက်တွန်းပါတယ်။ ။

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အကြိုညှိနှိုင်းအစည်းအဝေးတွင် စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဗဟိုအမှုဆောင်ကော်မတီအတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)က ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၁၀

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့နှင့် ဆုံးဖြတ်ချက်နှင့် မှတ်တမ်းပြုစုရေးအဖွဲ့တို့၏ အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့ ည ၇နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမဌကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင်(သန်းမောင်)၊ ဦးမြင့်သိန်း (မြင့်သိန်းအောင်)၊ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)၊ တွဲဖက်အတွင်းရေးမှူးနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ဗဟိုဦးစီးအဖွဲ့ဝင်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

အကြိုညှိနှိုင်းအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ(ရွှေစွန်ညို)က ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြား တင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မြန်မာ နိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)က ဗဟိုဦးစီး အဖွဲ့ အစည်းအဝေးကျင်းပရေးကော်မတီ၏ဦးဆောင်မှုကို ခံယူကာ လုပ်ငန်းကော်မတီအဆင့်ဆင့် ဖွဲ့စည်းထားရှိမှု အခြေအနေနှင့် ဗဟိုဦးစီးအဖွဲ့ဝင်များနှင့် လေ့လာသူများ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေး နှင့် အပန်းဖြေရေးတို့ကို စနစ်တကျစီမံဆောင်ရွက်ထားရှိမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆုံးဖြတ်ချက်နှင့် မှတ်တမ်းပြုစုရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)က ဗဟိုဦးစီး အဖွဲ့ အစည်းအဝေးကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက် ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟို အမှုဆောင်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ (ရွှေစွန်ညို)က မေ ၁၁ရက်နှင့် မေ ၁၂ရက်တို့တွင် ကျင်းပ မည့် ဗဟိုဦးစီးအဖွဲ့အစည်းအဝေးတွင် အဆင့်အလိုက် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်၏ အသေးစိတ်အခြေအနေ များကို ရှင်းလင်းတင်ပြပြီး အကြိုညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေး၏ မေ ၁၂ရက် ည၇နာရီတွင် ကျန်းမာရေးဦးစီးဌာနမှ ခုခံအားကျဆင်းမှု ရောဂါ(အေအိုင်ဒီအက်စ်) ကျန်းမာရေးအသိပညာပေး ဟောပြောပြီး ဘာသာရပ်ဆိုင်ရာ စာရွက်စာတမ်းများကို ဝေငှသွားမည်ဖြစ်သည်။

ထို့အပြင် ဗဟိုဦးစီးအဖွဲ့ဝင်များအား အပန်းဖြေကြည့်ရှု နိုင်ရန် အကယ်ဒမီဆုရရုပ်ရှင်ဇာတ်ကားများဖြင့် ပြသသွား မည်ဖြစ်သည်။

ဗဟိုဦးစီးအဖွဲ့အစည်းအဝေးအပြီး မေ ၁၃ရက်တွင် ပြည်နယ်နှင့်တိုင်းများမှ ဗဟိုဦးစီးအဖွဲ့ဝင်များ စုံညီစွာစုဝေး ရောက်ရှိခိုက် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာနှင့် တပ်မတော် စစ်သမိုင်းပြတိုက်တို့သို့ သွားရောက်ကြည့်ရှု လေ့လာရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၅-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀	၇။ မျိုးချစ်တပ်မတော်
၅:၀၀	၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** - Measures of Dispersion and Further of Descriptions (စီးပွားရေး၊စီးပွားစီမံ၊အိမ်တွင်းစီးပွား)
၅:၃၀	၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်း ကြိုးပမ်းစို့
၅:၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ မြန်မာ့ရှုခင်း
၆:၄၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဉာဏ်ကျယ်လေး" (အပိုင်း-၂၀)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်သားလေးနှင့်ရွှေမင်းသမီး" (ဒုတိယတွဲ) (အပိုင်း-၁၅)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

နိုင်ငံတကာ သတင်းများ

ဘုရှ်၏ တောင်းပန်စကားကို ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါသရော် နာဂျက်ဖ်နှင့် ကာဘာလာမြို့တို့တွင် ခုခံတိုက်ခိုက်မှုများဆက်လက်ဖြစ်ပွား

ကူဖာ(အီရတ်) မေ ၉

အီရတ်တွင် ရှီးယိုက်ခေါင်းဆောင် မိုတာဒါဆာဒါသည် သောကြာနေ့က မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။ ထိုသို့ ပြောကြားရာ၌ အကျဉ်းသားများကို နှိပ်စက်ပြီး သိက္ခာမဲ့သည့် လုပ်ရပ်များကို လုပ်ကိုင်ခဲ့သည့် အမေရိကန်တပ်ဖွဲ့များကို တိုက်ထုတ်သွားမည်ဖြစ်ကြောင်း ဆာဒါက အီရတ်အရပ်သား လက်နက်ကိုင်များ ရှေ့မှောက်တွင် ပြောကြားသွားသည်။

မေ ၈ ရက်က ဘဂ္ဂဒက်မြို့တွင် ယာဉ်တန်းနှစ်ခု တိုက်ခိုက်ခံရပြီးနောက် မီးလောင်နေသည့် ကားတစ်စီးအနီး၌ အောင်ပွဲခံနေသည့် အီရတ်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ခေါင်းဆောင်ဆာဒါ၏ တပ်ဖွဲ့များက အမေရိကန်များကို ဆန့်ကျင်လှုပ်ရှားနေခဲ့သည်မှာ တစ်လကျော်သွားပြီဖြစ်သည်။ အမေရိကန်များက မကြာသေးမီရက်က ဆာဒါ၏ လက်နက်ကိုင်များကို နာဂျက်ဖ်နှင့် ကာဘာလာမြို့များတွင် တိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ လူ ၂၀ ဦး သေဆုံးခဲ့ရသည်ဟု ဆိုသည်။

ခေါင်းဆောင်ဆာဒါကို ဖမ်းဆီးမည်၊ သို့မဟုတ် အသေသတ်မည်ဟု အမေရိကန်များက ဆိုထားခဲ့ကြသော်လည်း ယခုတိုင်အောင် ထိုသို့ ဆောင်ရွက်ရန် အလျင်စလို အားထုတ်မှုမျိုး မတွေ့ရသေးပေ။ ဆာဒါသည် နာဂျက်ဖ်မြို့ပြင်ရှိ ကူဖာတွင် ပုံမှန်တရားဟောနေဆဲပင် ဖြစ်သည်။ နာဂျက်ဖ်မြို့သည် ဘဂ္ဂဒက်မြို့ တောင်ဘက် မိုင် ၁၁၀ အကွာတွင် တည်ရှိသည်။

မိမိတို့အား ထိန်းချုပ်ခွင့် အမေရိကန်များကို ပေးလိမ့်မည်မဟုတ်။ ၎င်းတို့မှာ မကြာမတင်မီ အချိန်အတွင်း မိမိတို့၏နေရာမှ မောင်းထုတ်ခံရလိမ့်မည်ဖြစ်သည်ဟု ဆာဒါက ပရိသတ် ၁၀၀၀ ကျော်ရှိသော အားပေးထောက်ခံသူများကို ပြောကြားခဲ့သည်။ စကားပြော နေရာကို အရပ်သား လက်နက်ကိုင် မီဒီတပ်ဖွဲ့က တင်းကျပ်စွာ စောင့်ကြပ်ထားခဲ့သည်။

အမေရိကန် တပ်ဖွဲ့ဝင်များကို အီရတ်အကျဉ်းသားများအား ရိုက်နှက်နှိပ်စက်ခွင့်ပြုခဲ့သည်။ ထိုသို့ ပြုလုပ်နေသော ၎င်းတို့၏ တရားမျှတမှုဆိုသည်မှာ မည်ကဲ့သို့သော တရားမျှတမှုမျိုး ဖြစ်ပါသနည်း၊ ၎င်းတို့ပြောသော လူသားချင်းစာနာမှုဆိုသည်မှာလည်း မည်ကဲ့သို့သော စာနာမှုမျိုး ဖြစ်ပါသနည်းဟု မိုတာဒါဆာဒါက မေးခွန်းထုတ်ခဲ့သည်။ အမေရိကန်တို့ အုပ်ချုပ်သော အကျဉ်းထောင်အတွင်း၌ အီရတ်အကျဉ်းသားများကို နှိပ်စက်သည်ဟူသော ပြဿနာတက်ကာ နိုင်ငံရေးမုန်တိုင်း ထန်နေချိန်တွင် ဆာဒါက အထက်ပါစကားများကို ပြောကြားခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ရှီးယိုက်ခေါင်းဆောင် ဆာဒါသည် အမေရိကန်သမ္မတဘုရှ်က တောင်းပန်စကား ပြောသည်ကို သရော်လိုက်ပြီး အီရတ်အကျဉ်းသားများအား နှိပ်စက်ကလူ ပြုသူများကို အီရတ်တရားရုံး၌ တရားစွဲဆိုခွင့်ပြုရန် တောင်းဆိုလိုက်သည်။ အမေရိကန်သမ္မတ ဘုရှ်သည် လူအများက အီရတ်အကျဉ်းသားများ မဖွယ်မရာ ပြုခံရသည့်ကိစ္စကို ပြောဆိုနေကြချိန်တွင် အရှက်မဲ့စွာ ရပ်နေနိုင်သူဖြစ်သည်။ ထိုကဲ့သို့သော လူမျိုးထံမှ ကျွန်ုပ်တို့ အဘယ်ကဲ့သို့သော အေးချမ်းမှုမျိုးကို ရရှိနိုင်ရန် မျှော်လင့်နိုင်ပါသနည်းဟု ဆာဒါက စောဒကမေးခွန်း ထုတ်လိုက်သည်။

အမေရိကန် တပ်ဖွဲ့ဝင်များသည် ကြာသပတေးနေ့က နာဂျက်ဖ်မြို့၏ မြို့တော်ဝန်ရုံးကို သိမ်းခဲ့ကြပြီး မြို့တော်ဝန်အသစ်တင်ရန် လုံးပန်းခဲ့ကြသည်။ ထိုသို့ဆောင်ရွက်နေစဉ် ပြောက်ကျားများသည် မြို့တော်ဝန်ရုံးကို စိန်ပြောင်းများဖြင့် ခွင်းခဲ့ကြသည်။

ကြာသပတေးနေ့နှင့် သောကြာနေ့များတွင် နာဂျက်ဖ်မြို့နှင့် ကာဘာလာမြို့များတွင် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့သည့်အတွက် နာဂျက်ဖ်မြို့၌ လူ ၁၂ ဦးနှင့် ကာဘာလာမြို့၌ လူရှစ်ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်အနာဂတ်အရေး ကုလလုံခြုံရေးကောင်စီဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ဟု ရုရှား ခံယူ

မော်စကို မေ ၉

ကုလသမဂ္ဂ လုံခြုံရေးကောင်စီဝင်နိုင်ငံများ၏ ပူးပေါင်းအကောင်အထည်ဖော်ခြင်းမရှိသည့် လုံခြုံရေးကောင်စီ၏ အီရတ်ဆိုင်ရာ မည်သည့်ဆုံးဖြတ်ချက်ကိုမဆို ရုရှားနိုင်ငံက ဆန့်ကျင်ကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ယူရီဖီဒိုတော့ဗ်က ပြောကြားသည်ဟု အင်တာဖက်စ်သတင်းဌာနက ဖော်ပြသည်။

ယာယီ အီရတ်အစိုးရသစ်နှင့် အမေရိကန် ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များ၏ အီရတ်သိမ်းပိုက်မှု တရားဝင် အဆုံးသတ်မည့် ဇွန်လ ၃၀ ရက်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ ပါဝင်ဆောင်ရွက်မှုကို ထောက်ခံသည့် အနေဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီဝင်များသည် ဗြိတိန် နိုင်ငံက ကမကထပြု ကျင်းပသည့် အီရတ်ဆုံးဖြတ်ချက်ဆိုင်ရာ အလွတ်သဘော ဆွေးနွေးပွဲကို ကြာသပတေးနေ့က စတင်ကျင်းပသည်။

အီရတ်၏ အနာဂတ်အရေးနှင့် ပတ်သက်၍ လုံခြုံရေးကောင်စီဝင်နိုင်ငံများ ပူးတွဲဆောင်ရွက်ရန် လိုအပ်သည်ဟူသောအမြင်ကို မိမိတို့ စွဲစွဲမြဲမြဲခံယူထားကြောင်း ရုရှားဒုတိယ နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

ဗီတိုအာဏာ သုံးစွဲပိုင်ခွင့်ရှိသည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ဖြစ်သည့် ရုရှားနိုင်ငံသည် ကုလသမဂ္ဂ ခွင့်ပြုချက်မရရှိဘဲ လွန်ခဲ့သည့်နှစ်က အီရတ်နိုင်ငံကို အမေရိကန် ဦးဆောင်၍ စစ်ရေးအရ တိုက်ခိုက်ဆင်နွှဲမှုကို ဆန့်ကျင်ခဲ့သည်။ အီရတ်ခုခံတွန်းလှန်ရေးများကို မထိန်းချုပ်နိုင်သဖြင့် အီရတ်နိုင်ငံတွင် သေဆုံးသူ မြင့်တက်နေမှုနှင့် ရင်ဆိုင်နေရသည့် အမေရိကန်သည် အီရတ်နိုင်ငံ အုပ်ချုပ်ရေးတွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍ ပိုမိုပါဝင်လှုပ်ရှားရန် အရှိန်မြှင့် တိုက်တွန်းလျက်ရှိသည်။

နိုင်ငံတကာ ပါဝင်ပတ်သက်မှုနှင့် အီရတ်နိုင်ငံ၏အသွင်ကူးပြောင်းရေး အုပ်ချုပ်မှုပုံသဏ္ဍာန်ကို ဆုံးဖြတ်ရန် ၂၀၀၂ ခုနှစ်၌ ကျင်းပခဲ့သည့် အာဖဂန်ဆိုင်ရာ ညီလာခံမျိုး ကျင်းပစေလိုကြောင်း ရုရှားသတင်းထောက်များက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်အကျဉ်းသား အများစုသည် အပြစ်မဲ့သူများဖြစ်ကန် ထောက်လှမ်းရေးအရာရှိဟောင်း ပြောကြား

လန်ဒန် မေ ၉

ဘဂ္ဂဒက်မြို့ အဘူဂါရိုပ်အကျဉ်းစခန်းမှ အကျဉ်းသားအများစုသည် အပြစ်မဲ့သူများဖြစ်ကြောင်း ထိုစခန်း၌ မေးမြန်းစစ်ဆေးခဲ့ဖူးသူ အမေရိကန် ထောက်လှမ်းရေးအရာရှိဟောင်း တိုရင်နယ်လ်ဆင်က ပြောကြားသည်။

အီရတ်များကို အမေရိကန်တပ်ဖွဲ့ဝင်များက မဆင်မခြင် ဖမ်းဆီးခဲ့ပြီးနောက် အရည်အချင်းမရှိသည့် ထောက်လှမ်းရေးအရာရှိများက မေးမြန်းစစ်ဆေးခဲ့ခြင်းဖြစ်သည်ဆို၏။ ဂါဒီယန်သတင်းစာနှင့် တွေ့ဆုံမေးမြန်းခန်းတွင် တိုရင်နယ်လ်ဆင်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

စုံစမ်းစစ်ဆေးသူများအနေဖြင့် ၎င်းတို့သည် အီရတ်တို့ကို မဆင်မခြင် ဖမ်းဆီးခဲ့သည်ဆိုသောအချက်ကို ငြင်းပြီး ၎င်းတို့အား စရိုက်ကြမ်းသော ပစ်မှတ်များအဖြစ် သဘောထားသည့်အတွက် အပြစ်မဲ့အဖမ်းခံရသူအချို့အဖို့ မတော်မတရား ပြုကျင့်ခံရဘိသကဲ့သို့ ဖြစ်ရကြောင်းဖြင့် တိုရင်နယ်လ်ဆင်က ပြောကြားသည်။

အင်တာနက်။

အီရတ်အကျဉ်းသားများအား ကန်တပ်ဖွဲ့ဝင်များအနိုင်ကျင့်မှု ဘုရှ်တာဝန်ယူရန် ဒီမိုကရက်တစ် သမ္မတလောင်းဂျွန်ကယ်ရီ တောင်းဆို

ဖိုးနစ် မေ ၈

အီရတ်အကျဉ်းသားများအား အမေရိကန်တပ်ဖွဲ့ဝင်များက အနိုင်ကျင့်သည့်အမှုအတွက် သမ္မတ ဘုရှ်က တာဝန်ယူရမည်ဖြစ်ကြောင်း ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်း ဂျွန်ကယ်ရီ ကသောကြာနေ့တွင် ပြောကြားလိုက်သည်။

ကိုယ်လုံးတီး အီရတ်အကျဉ်းသားများအား လှောင်ပြောင်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ဓာတ်ပုံများ လွန်ခဲ့သည့် ရက်သတ္တပတ်က ပေါ်ထွက်လာပြီးနောက် အမေရိကန်ကွန်ဂရက်တွင် အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ် သောကြာနေ့က တောင်းပန်သည့်ကြားမှပင် မစ္စတာဒေါ်နယ်ရမ်းစဖဲလ်အား ရာထူးမှ ထွက်ပေးရန် ဂျွန်ကယ်ရီက တောင်းဆိုလိုက်သည်။

အမေရိကန်နိုင်ငံသည် ကာကွယ်ရေးဝန်ကြီးသစ် တစ်ဦး လိုအပ်ရုံမျှမက မိမိတို့နိုင်ငံအတွက် သမ္မတသစ်တစ်ဦးလည်း လိုနေကြောင်းဖြင့် ဂျွန်ကယ်ရီကပြောဆိုသည်။

အီရတ်အကျဉ်းသားများအား အနိုင်ကျင့်မှုများကို ပြသသူများနောက်သို့ လိုက်နေမည့်အစား အမေရိကန်သားတိုင်းသည် ထိုကိစ္စတွင် ဦးဆောင်၍ ပြစ်တင်ရှုတ်ချသင့်ကြောင်းဖြင့် ဂျွန်ကယ်ရီကပြောကြားလိုက်သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်အကျဉ်းသားများအား အမေရိကန်တပ်ဖွဲ့ဝင်များက နှိပ်စက်ညှဉ်းပန်းခဲ့မှုကို တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် မေ ၅ ရက်က ကန့်ကွက်ဆန္ဒပြနေကြစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်အရေးကိစ္စတွင် ဘုရှ်အစိုးရ အမှားဆက်တိုက်ကျူးလွန်ခဲ့ အကျဉ်းသားများအား နှိပ်စက်မှု တောင်းပန်ရုံမျှဖြင့် မလုံလောက်ဟုပြောဆို

ဝါရှင်တန် မေ ၉

အီရတ်သို့ရောက်ရှိနေသော အမေရိကန်တပ်ဖွဲ့ဝင်များသည် အခက်အခဲတွေ့နေကြသည်။ ထိုအခြေအနေတွင် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများကို မဖွယ်မရာပြုလုပ်သော ကိစ္စပေါ်ပေါက်လာသည့်အတွက် အမေရိကန်များအပေါ် ယုံကြည်ကိုးစားမှုကို ထိခိုက်ပြီး သိက္ခာကျဆင်းခဲ့ရကြောင်း အငြိမ်းစားဗိုလ်ချုပ်ကြီး ဝက်စလေကလပ်က ဆိုသည်။ ၎င်းသည် အပတ်စဉ် ဒီမိုကရက်တစ်ရေဒီယိုမှ ထုတ်လွှင့်နေကျ အစီအစဉ်မှတစ်ဆင့် အထက်ပါစကားများကို ပြောကြားခဲ့ခြင်းဖြစ်သည်။

အထက်ပါကိစ္စနှင့် ပတ်သက်၍ တောင်းပန်ကာမျှနှင့် လုံလောက်နိုင်သော ကိစ္စမျိုးကိုမဟုတ်ကြောင်း။

ထိုကိစ္စတွင် တာဝန်ရှိသူများအားလုံးကို ဖော်ထုတ်ကာ တာဝန်ရှိသည့်အလျောက် ဥပဒေအရ အရေးယူသွားရမည်ဖြစ်ကြောင်း ကလပ်က ပြောကြားသွားသည်။

ကလပ်သည် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)၏ စစ်ဦးစီးဟောင်းဖြစ်သည်။ ၁၉၉၉ခုနှစ် ကိုဆိုဗိုစစ်ပွဲအတွင်း ကိုဆိုဗိုဒေသကို ဗုံးကြဲစစ်ဆင်ရာ၌ ဦးစီးညွှန်ကြားခဲ့သူဖြစ်သည်။ ယခု အီရတ်ကိစ္စနှင့် ပတ်သက်၍ မှတ်ချက်ပေးသော ၎င်း၏ဝေဖန်ချက်သည် ကနဦး ပေါ်ထွက်လာသော ဝေဖန်ချက်တစ်ခုပင် ဖြစ်သည်။

အီရတ် အကျဉ်းသားများအပေါ် အမေရိကန်စစ်ဘက်က ညှဉ်းပန်းခဲ့သည့်ကိစ္စ ပြဿနာတက်လာသည့်အတွက် ဒီမိုကရက်တစ်များက ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်ကို ရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုချက်များ ထွက်ပေါ်လာသည်။ ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်ကမူ သောကြာနေ့က တောင်းပန်စကား ပြောကြားခဲ့သည်။ အမေရိကန်သမ္မတဘုရှ်ကလည်း အထက်ပါကိစ္စအတွက် တောင်းပန်စကားကို ကြာသပတေးနေ့က ပြောကြားခဲ့ပြီးဖြစ်သည်။

သမ္မတဘုရှ်က အထက်ပါကိစ္စနှင့် ပတ်သက်၍ စနေနေ့တွင် ရေဒီယိုမှ မိန့်ခွန်း စကားပြောကြားခဲ့သည်။ အကျဉ်းသားများအပေါ် မတော်မလျော်ပြုခဲ့သောကိစ္စသည် အနည်းစုက ကျူးလွန်သောကိစ္စဖြစ်သော်လည်း အများကလုပ်သကဲ့သို့သော သဘောဆောင်သောအဖြစ်သို့ ရောက်ရှိလာနေပြီဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ကလပ်က ယခုကိစ္စတွင် ပြုပြင်ပေးရန်ရှိသည်များကို ပြုပြင်ပြီး နောက်နောင် အလားတူဖြစ်ရပ်မျိုး ထပ်မံမပေါ်ပေါက်လာစေရန် တားမြစ်ပေးရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

အရှက်တကွဲ အကျိုးနည်းဖြစ်ခဲ့ရသော အီရတ်များအတွက် ကြေနပ်မှုရအောင် နှစ်သိမ့်ပေးသွားရမည့်အပြင် အဘူဂါရိုပ် အကျဉ်းထောင်ကို ဖျက်သိမ်းပစ်သည် အထိ အရေးယူမှုမျိုးကို ဆောင်ရွက်သင့်ကြောင်း ကလပ်က ပြောကြားခဲ့သည်။

ဖော်လူဂျာနှင့် နာဂျက်ဖ်မြို့များတွင် အမေရိကန်တပ်ဖွဲ့ဝင်များ ကြီးမားသော အင်အားအသုံးပြုကာ စစ်ဆင်နွှဲနိုင်သည့်အခြေအနေမရှိဘဲ အကျပ်ဆိုက်နေသည်။ တစ်ဖက်၌လည်း အမေရိကန်များအပေါ် အီရတ်များက ကိုးစားယုံကြည်မှုများ လျော့ပါးလျက်ရှိပြီး သိက္ခာကျဆင်းရသည့်အဖြစ်များနှင့် ရင်ဆိုင်နေရသည်။

ထိုအချက် နှစ်ချက်စလုံးသည် အမေရိကန်တို့အတွက် အတူတူပင် အရေးပါသောကိစ္စများ ဖြစ်သည်ဟု ဗိုလ်ချုပ်ကြီးဟောင်းကလပ်က မှတ်ချက်ချခဲ့သည်။

ယခုအခါ အီရတ်တွင် အမေရိကန်တို့ တာဝန်ယူထမ်းဆောင်နေသော ဦးတည်ချက်လုပ်ငန်းမှာ ခရီးမပေါက်ဘဲ အကျပ်အတည်း တွေ့လျက်ရှိသည်။

ထို့အပြင် ဘုရှ်အစိုးရသည် အီရတ်ရှိ အမေရိကန် တပ်ဖွဲ့ဝင်များအတွက် လိုအပ်နေသော ကျည်ကာအင်္ကျီနှင့် စစ်သုံးယာဉ်များကိုလည်း အီရတ်သို့ အမြန်ပေးပို့ရန် လိုအပ်နေကြောင်း ကလပ်က တိုက်တွန်းပြောကြားခဲ့သည်။

လုံလောက်သော အကာအကွယ်များ မရှိခဲ့သောကြောင့် အမေရိကန်လူ ၂၀၀ ဆုံးရှုံးခဲ့ရသော ကိစ္စမှာ လက်ခံနိုင်ဖွယ်ရာမရှိသော ကိစ္စပင်ဖြစ်သည်။

အမှန်ကိုဆိုရလျှင် ဘုရှ်အစိုးရသည် အီရတ်အရေးကိစ္စကို ကိုင်တွယ်ရာ၌ မှားပြီးရင်း မှားရင်းဖြစ်နေသည်။ အမေရိကန်များသည် မှားယွင်းသော အချက်အလက်များကြောင့် မတိုက်သင့်သောစစ်ပွဲကို တိုက်ခိုက်နေရပြီး စီမံမှုမှာလည်း ညံ့ဖျင်းလျက်ရှိကြောင်း ကလပ်က ဝေဖန်သည်။ သို့ဖြစ်၍ အီရတ်တွင် သေဆုံးမှုမရှိစေရန် လုပ်နည်းလုပ်ဟန် ပြောင်းပြီး အပေါင်းပါများနှင့် တို့၍ ပူးပေါင်းဆောင်ရွက်သွားရန် ဗိုလ်ချုပ်ဟောင်း ကလပ်က တိုက်တွန်းသွားသည်။

အမ်အင်အေ၊ရိုက်တာ။

မီးလောင်

မေ ၆ ရက်က ဘဂ္ဂဒက်မြို့လယ်ရှိ အမေရိကန်အုပ်ချုပ်ရေးရုံးများရှိရာ ခြံဝင်းအနီးတွင် အသေခံ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ကားတစ်စီး မီးလောင်နေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အာဖဂန်၌တိုက်ပွဲဖြစ်ပွား၊ ကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ကဘူး မေ ၉

အာဖဂန်နစ္စတန် အလယ်ပိုင်း ဥရုဇဂန်ပြည်နယ်တွင် အစ္စလမ္မစ် တိုက်ခိုက်ရေးသမားများဟု မသင်္ကာသူများနှင့် ညပိုင်းတိုက်ပွဲဖြစ်ပွားရာတွင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကာ တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

တီရင်ကောမြို့တွင် သောကြာနေ့ညပိုင်းက အမေရိကန်တပ်ဖွဲ့ဝင်များ ကင်းလှည့်နေစဉ် ယင်းကဲ့သို့ တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း အမေရိကန်ဒုတိယဗိုလ်မှူးကြီးမန်ဆာလာက ကဘူးမြို့တွင် သတင်းထောက်များအား ပြောကြားသည်။

အာဖဂန်နစ္စတန်တွင် မကြာသေးမီ သီတင်းပတ်အနည်းငယ်အတွင်း အာဖဂန်နစ္စတန်ရှိ နိုင်ငံခြားတပ်ဖွဲ့ဝင်များနှင့် ကဘူးမြို့ရှိ အမေရိကန် ထောက်ခံအားပေးသည့် အစိုးရကိုဆန့်ကျင်သော အကြမ်းဖက်မှုများ အရှိန်အဟုန်မြင့်မားလျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

မေ ၆ ရက်က ဘဂ္ဂဒက်မြို့လယ်တွင် အသေခံဗုံးဖောက်ခွဲမှုဖြစ်ပွားပြီးနောက် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဂွာတာနာမို အကျဉ်းစခန်းရှိ အကျဉ်းသားများအား ညှဉ်းပန်းနည်းများကို ကန်ကာကွယ်ရေးဝန်ကြီးဌာနက သတ်မှတ်ပေးခဲ့

ဝါရှင်တန် မေ ၉

ဂွာတာနာမို အကျဉ်းစခန်းတွင် အကျဉ်းသားများကို စစ်ဆေးရာ၌ မည်သို့သော နည်းနာများကို သုံးစွဲရမည်ကို ပြီးခဲ့သောနှစ်က အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ဆုံးဖြတ်သတ်မှတ်ပေးခဲ့သည်။ ထိုသတ်မှတ်ပေးထားသော နည်းနာများတွင် အကျဉ်းသားများကို အဝတ်ဗလာဖြင့်နေစေခြင်း၊ ကျယ်လောင်စွာ အသံမြည်နေသော အသံချဲ့စက်အနီးတွင်ထား၍ ညှဉ်းပန်းခြင်း၊ အလွန်လင်းသော မီးအလင်းရောင်အောက်တွင်ထားခြင်းဖြင့် မအိပ်နိုင်အောင် ဆောင်ရွက်ခြင်းစသော နည်းနာများပါဝင်သည်ဟု ဝါရှင်တန်ပို့စ်သတင်းစာက ဖော်ပြလိုက်သည်။

အကျဉ်းသားများအပေါ် သုံးစွဲနိုင်မည့် နည်းနာများကို ၂၀၀၃ ခု ဧပြီလက အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။ အတည်ပြုရာတွင် အမေရိကန်ကာကွယ်ရေးဌာန ပင်တဂွန်စစ်ဌာနချုပ်မှ အထက်တန်းအရာရှိများ၏ ခွင့်ပြုချက်ရယူရသည်။ အချို့သော ကိစ္စရပ်များတွင် ကာကွယ်ရေး ဝန်ကြီး ဒေါ်နယ်ရမ်းဖဲလ်က အတည်ပြုပေးရခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူ အရာရှိက ပြောကြားကြောင်း ဝါရှင်တန်ပို့စ် သတင်းစာ၏ ဂြိုဟ်တုဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

လိုက်နာရ

စစ်ဆေးသူသည် လုပ်ထုံးလုပ်နည်း အချက်အလက်ပေါင်း ၂၀ မျှကို လိုက်နာရသည်။ စစ်ရေးလိုအပ်ချက်အရ ကြမ်းတမ်းသော လုပ်ဆောင်မှုများကို ချင့်ချိန်လုပ်ဆောင်ခွင့် ပေးထားသည်။ အချို့သော စစ်မေးမှုများပြုလုပ်ရာတွင် အစစ်ဆေးခံရသူ၏ ကျန်းမာရေးအခြေအနေကို စောင့်ကြည့်ပြီးမှ ဆောင်ရွက်ရမည်ဆိုသော အချက်လည်း ပါဝင်သည်ဟု ဆိုသည်။

သဲကွဲစွာမသိရသေး

အလားတူနည်းနာများကို အီရတ်တွင် ထိန်းသိမ်းဖမ်းဆီးထားသော အကြမ်းဖက်သူများနှင့် ပြောက်ကျားအုပ်စုများကို စစ်ဆေးရာ၌လည်း သုံးစွဲခွင့်ပြုထားကြောင်း သိရသည်။ ထိုနည်းနာများကို အဘူဂါရိုပ် အကျဉ်းထောင်ရှိ အကျဉ်းသားများအပေါ် သုံးစွဲခွင့်ပေးထားခြင်းရှိမရှိကို သဲကွဲစွာ မသိရသေးဟု ဆိုသည်။

သတ်မှတ်ပေးခဲ့

အမေရိကန် စစ်ဘက်တောင်ပိုင်းနယ်မြေတွင် အကျဉ်းသားများကို စစ်ဆေးရာ၌ သုံးစွဲရမည့် နည်းနာမှာ အဆင့်အလိုက် ကျင့်သုံးရမည်ဖြစ်ပြီး ထိုနည်းနာများကို ၂၀၀၃ ခုနှစ် နွေဦးရာသီအချိန်က သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်ဟု ကြည်းတပ် ဗိုလ်မှူးကြီး ဒေးဗစ်မက်ဝီလျံက ပြောကြားသည်။ ထိုနည်းနာများ၌ အကျဉ်းသားများကို အဓမ္မအဝတ်ဗလာနေစေသည့် နည်းပါ၊ မပါဟူသော အချက်ကိုမူ မဖြေကြားဘဲ ၎င်းက ပြောကြားရန် ငြင်းဆန်သွားသည်။

ပြုမူ

အကျဉ်းသားများကို စစ်ဆေးရာ၌ ကျင့်သုံးသောနည်းနာများသည် ခက်ခဲသော အခြေအနေများ၌ အလုပ်ဖြစ်နိုင်စေရန် သတ်မှတ်ထားခြင်းသာဖြစ်သည်။ လက်တွေ့ ကျင့်သုံးကြရာတွင် လက်ခံထားပြီးဖြစ်သော အပြည်ပြည်ဆိုင်ရာ ဥပဒေများနှင့် လက်ခံထားသော အပြည်ပြည်ဆိုင်ရာ စစ်မေးနည်းများနှင့်အညီ ပြုမူခြင်းသာဖြစ်သည်ဟု မက်ဝီလျံက ရိုက်တာသတင်းဌာနကို ပြန်ကြားခဲ့သည်။

ငြင်းဆန်

၎င်းက အခြားသော စစ်မေးနည်းများနှင့် ပတ်သက်၍ မေးမြန်းသောအခါ မှတ်ချက်တစ်စုံတစ်ရာပေးရန် ငြင်းဆန်ခဲ့သည်။

ခွင့်ပြု

အကယ်၍သာ အကျဉ်းခန်းအတွင်း၌ အကျဉ်းသားတစ်ဦးတည်းသာရှိနေသော အခြေအနေတွင် အကျဉ်းသားကို အဝတ်အစားမပါ ဗလာအနေအထားဖြင့် နာရီများစွာရပ်နေစေပြီး စစ်ဆေးသည့်နည်းဖြင့် စစ်ဆေးနိုင်ကြောင်း ခွင့်ပြုထားသည်ဟု ပို့စ်သတင်းစာက ဆိုသည်။

ထိန်းသိမ်းထား

လတ်တလော အခြေအနေတွင် အမေရိကန်တို့သည် ဂွာတာနာမို အကျဉ်းစခန်းတွင် အကျဉ်းသား ၆၀၀ ခန့် ထိန်းသိမ်းထားဆဲဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

မေ ၇ ရက်က အီရတ်နိုင်ငံ ကူဖာမြို့တွင် အီရတ်ခုခံတိုက်ခိုက်ရေးသမားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားမှုကြောင့် ပျက်စီးသွားသော နေအိမ်တစ်လုံးကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မေ ၉ ရက်က အီရတ်နိုင်ငံ ကာဘာလာမြို့အနီးတွင် ရေနံပိုက်လိုင်း မီးလောင်ကျွမ်းနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မေ ၃ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့ရှိ အမေရိကန်စစ်ဆေးရေးဂိတ်ကို ခုခံတိုက်ခိုက်ရေးသမားများ တိုက်ခိုက်ရာတွင် ဒဏ်ရာရရှိသွားသော အီရတ်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မေ ၇ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့၏ပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသွားသော အီရတ်ကလေးငယ်တစ်ဦးကို ဆေးရုံ၌ တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မေ ၈ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်အနီး အဘူဂါရိပ်အကျဉ်းထောင်ရှေ့တွင် အီရတ်အကျဉ်းသားများ ညှဉ်းပန်းနှိပ်စက်ခံရမှုကို ကန့်ကွက်ဆန္ဒပြနေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မေ ၇ရက်က အီရတ်နိုင်ငံ ကူဖာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ရှီးယိုက်ခုခံတိုက်ခိုက်ရေးသမားများ တိုက်ပွဲဖြစ်ပွားမှုကြောင့် ပျက်စီးသွားသော နေအိမ်တစ်လုံးကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

ဘားအံတက္ကသိုလ်

ကရင်ပြည်နယ် ဘားအံမြို့ရှိ ဘားအံတက္ကသိုလ် အဆောက်အအုံကို ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်ရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ဇော်ဂျီရေလှောင်တမံ ရေအားလျှပ်စစ်စက်ရုံ ရေခေါ်မြောင်းနှင့် ရေသွင်းအဆောက်အအုံကို တွေ့ရစဉ်။ (ဓာတ်ပုံ-သတင်းစဉ်)

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ရန်ကုန်-စစ်တွေကားလမ်းပေါ်ရှိ နာရီကန်ချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသော နာရီကန်တံတားကို တွေ့ရစဉ်။ (ဓာတ်ပုံ-သတင်းစဉ်)

မြန်မာ့သင်္ဘောကျင်းလုပ်ငန်းက စင်ကာပူနိုင်ငံ Jaya Marine Lines Pte,Ltd.အတွက် တည်ဆောက်ပေးခဲ့သည့် မီတာ ၆၀ စက်ယန္တရားတင်ရေယာဉ် MV.Jaya Transporter-2ကို တွေ့ရစဉ်။ (ဓာတ်ပုံ-သင်္ဘောကျင်း)



ကြီးအုံ-ကြီး
ရေလှောင်ဝ

နိုင်ငံတော် အေးချမ်းသ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယ တပ် ကာကွယ်ရေးဦးစီးချုပ်၊ က ရေး ဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်မှူးကြီးမောင်အေးန ဝင်များ ပွင့်ဖြူမြို့နယ် မုန်း ပေါ်ရှိ ကြီးအုံ-ကြီး၀ ရေ တမံစီမံကိန်းတွင် ကြည့်ရှုစ စဉ်။ (သတ

ကြီးအုံ-ကြီး၀ရေလှောင်တမံကို မုန်းချောင်းဘက်စုံစီမံကိန်း၏အော

ရေအားလျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀ ထုတ်လွှတ်ရန်နှင့် လယ်မြေဧက တစ်

❀ **ရှေ့ဖုံးမှ**

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ မုန်းချောင်းရေလှောင်တမံ အဆင့်ဆင့် တည်ဆောက်ရေး စီမံကိန်းများကို ကြည့်ရှုစစ်ဆေးရန် မေ ၈ရက် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ပုဂံ-ညောင်ဦးမှ မကွေးတိုင်း ပွင့်ဖြူမြို့နယ် မုန်းချောင်းခြင်းလုပ်ငန်း စသည့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းပြီးစီးမှု အခြေအနေများ၊ အခြားဆက်စပ်နေသည့် တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရေအားလျှပ်စစ်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး



စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်း ရေအားလျှပ်စစ်စက်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ချောင်းရေလွှဲမြောင်း ဖောက်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ကြီးအုံ-ကြီး၀ ရေလှောင်တမံမှာ မုန်းချောင်းရေလှောင်တမံ အဆင့်ဆင့်တွင် ပါဝင်သည့် ရေလှောင်တမံတစ်ခု ဖြစ်သည်။

ကြီးအုံ-ကြီး၀ ရေလှောင်တမံမှာ မဲဇလီရေလွှဲဆည်၏ အထက်ဘက် ငါးမိုင်ခန့်အကွာ တည်ဆောက်ပြီးစီးတော့မည့် မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း၏ အောက်ဘက် ၁၅မိုင်ခန့်အကွာ မုန်းချောင်းပေါ်၌ တည်ဆောက်သွားမည့် တမံဖြစ်သည်။

မဂ္ဂါဝပ် ၆၀

ကြီးအုံ-ကြီး၀ ရေလှောင်တမံကို မြေသားတမံအဖြစ် တည်ဆောက်သွားမည်ဖြစ်ပြီး မုန်းချောင်း ရေလှောင်တမံမှ လျှပ်စစ်ဓာတ်အားအတွက် ထုတ်လွှတ်ပေးသော ရေကို ရေလှောင်တမံနှစ်ခုအကြား ရေဆင်းဧရိယာအတွင်းမှစီးဆင်းသောရေနှင့်ပေါင်းပြီး ထိန်းညှိကာ ကြီးအုံ-ကြီး၀ ရေလှောင်တမံမှ ရေအားလျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀ ထုတ်လွှတ်ရန်နှင့် တည်ဆောက်ပြီး မဲဇလီရေလွှဲဆည်၏ တူးမြောင်းများမှတစ်ဆင့် လယ်မြေဧကတစ်သိန်းခန့်ကို ဆည်ရေပေးဝေရန် ရည်ရွယ်၍ တည်ဆောက်နေခြင်းဖြစ်သည်။

မုန်းချောင်းရေလှောင်တမံ

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီခွဲတွင် စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချ မောင်အေးနှင့် အဖွဲ့ဝင် ရှင်းလင်းဆောင်၌ လယ်ယ ရေးနှင့် ဆည်မြောင်းဝန် ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် ချောင်းရေလှောင်တမံ၏ ဆိုင်ရာ၊ ရေအားလျှပ်စစ်ပိုင

ပေါ်ရှိ ကြီးအုံ-ကြီး၀ ရေလှောင်တမံ စီမံကိန်းသို့ရောက်ရှိကြရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တိုင်းရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ပွင့်ဖြူမြို့နယ် မဲဇလီရေလွှဲဆည်၏ အထက်ဘက်ငါးမိုင်ခန့်အကွာ ဝန်လိုကျေးရွာအနီး မုန်းချောင်းပေါ်၌ တည်ဆောက်လျက်ရှိသည့် ကြီးအုံ-ကြီး၀ ရေလှောင်တမံနှင့် စပ်လျဉ်း၍ ပဏာမ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃) ညွှန်ကြားရေးမှူးဦးထွန်းအောင်လွင်က ရေစိမ့်တားနံရံ တည်ဆောက်ပြီးစီးခြင်း လုပ်ငန်းနှင့် ချောင်းရေလွှဲမြောင်း ဖောက်လုပ်ခြင်းလုပ်ငန်း၊ တမံ အုတ်မြစ်ပြုပြင်က စိုက်ပျိုးရေ ရရှိရေးအတွက် ရေလှောင်တမံ တည်ဆောက်ခြင်းလုပ်ငန်းအပြင် ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းကိုပါ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တစ်ခုတည်းက တာဝန်ယူ ဆောင်ရွက်သွားရမည်ဖြစ်ရာ လုပ်ငန်းအားလုံးကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာ၌ မုန်းချောင်းဘက်စုံရေလှောင်တမံ တည်ဆောက်ခဲ့သည့် အတွေ့အကြုံများအနက် အတွေ့အကြုံကောင်းများကို အခြေခံ၍ လုပ်ကိုင်ဆောင်ရွက်သွားရန် မှာကြားသည်။

ကြီးအုံ-ကြီး၀ ရေလှောင်တမံ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ကြီးအုံ-ကြီး၀ ရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းခွင်ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။



ကြီးအုံ-ကြီး၀ ရေလှောင်တမံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ ပွင့်ဖြူမြို့နယ် မုန်းချောင်းပေါ်ရှိ ကြီးအုံ-ကြီး၀ ရေလှောင်တမံစီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အံ၀င်ခွင်ကျ ပြီးစီးရေး ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများ၊ မုန်းချောင်းရေလှောင်တမံတွင် ရေစတင်သိုလှောင်လျက်ရှိရာ ယခုအခါ ရေဧကပေ ၁၈၀၀၀၀ကျော် သိုလှောင်ရရှိနေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ဆည်မြောင်းဦးစီးဌာနက တာဝန်ယူရသော မုန်းချောင်းရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းအဆင့်ဆင့်နှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှတ်တမ်းမှတ်ရာထားရှိ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ရေလှောင်တမံအတွင်း ရေများ စတင်သိုလှောင်နေပြီဖြစ်ရာ ရေအားလျှပ်စစ်စက်များ အချိန်မီလည်ပတ်နိုင်ရေးအတွက် ကျန်ရှိနေသော တည်ဆောက်ရေးလုပ်ငန်းများကို ချိန်ကိုက်ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရန်နှင့် တည်ဆောက်မှုအတွေ့အကြုံများကို နောင်လာနောက်သားပညာရှင်များ ကိုးကားနိုင်ရန်အတွက် စနစ်တကျ မှတ်တမ်းမှတ်ရာထားရှိရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မုန်းချောင်း ရေအားလျှပ်စစ်စက်ရုံတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အင်ဂျင်နီယာပညာရှင်များအား သစ်သီးခြင်းလက်ဆောင် ပေးအပ်စဉ်။ (သတင်းစဉ်)

...မံကိန်း၏အောက်ဘက်တွင် တည်ဆောက်မည့် ...ယ်မြေဧက တစ်သိန်းခန့်ကို ဆည်ရေပေးရန်ရည်ရွယ်

ဆက်လက်၍ ရေလွှဲဥမင်လိုဏ်ကို ဝင်ရောက်ကြည့်ရှု စစ်ဆေးကြပြီး ရေလျှံထိန်းစည် တည်ဆောက်ခြင်းလုပ်ငန်းများကို ထပ်မံကြည့်ရှုစစ်ဆေးကြသည်။

ရေအားလျှပ်စစ်စက်ရုံ

ထို့နောက် မုန်းချောင်းရေအားလျှပ်စစ်စက်ရုံသို့ ဝင်ရောက်ကြပြီး စက်ရုံတည်ဆောက်ပြီးစီးမှု၊ ဂျင်နရေတာများ တပ်ဆင်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် Panel Room နှင့် Central Control Room တို့ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် လျှပ်စစ်ဆိုင်ရာ တည်ဆောက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အင်ဂျင်နီယာပညာရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး သစ်သီးခြင်းလက်ဆောင်ပေးအပ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ပွင့်ဖြူမြို့နယ် မုန်းချောင်းပေါ်ရှိ ကြီးအုံ-ကြီး၀ ရေလှောင်တမံစီမံကိန်းတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က မုန်းချောင်းရေလှောင်တမံ၏ တမံပိုင်းဆိုင်ရာ၊ ရေအားလျှပ်စစ်ပိုင်းဆိုင်ရာ

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ရေလှောင်တမံ၌ လျှပ်စစ်ဓာတ်အားစက်ရုံ တည်ဆောက်ပြီးစီးနေမှု၊ လာမည့်ဇူလိုင်လမှစ၍ စက်များစမ်းသပ်လည်ပတ်ရန် စီစဉ်ထားမှုတို့ကို ရှင်းလင်းတင်ပြသည်။

ပင်မတမံ တည်ဆောက်ပြီးစီးမှုနှင့် ရေသိုလှောင်ထားနိုင်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရေလျှံထိန်းစည် တည်ဆောက်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် Power Intake Gate တည်ဆောက်ပြီးစီးမှု၊ အမှတ်(၁)ရေပိုလွှဲနှင့် အမှတ်(၂) ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။



စက်သုံးလုံးတပ်ဆင်ထား

မုန်းချောင်း ရေလှောင်တမံကို စေတုတ္တရာမြို့ မြောက်ဘက် နှစ်မိုင်ခန့်အကွာ မုန်းချောင်းပေါ်တွင် တည်ဆောက်နေခြင်းဖြစ်သည်။ စီမံကိန်းအရ စိုက်ပျိုးမြေများကို ရေပေးဝေနိုင်မည့်အပြင် လျှပ်စစ်ဓာတ်အား ၂၅မဂ္ဂါဝပ်စီ ထုတ်လုပ်နိုင်မည့် စက်သုံးလုံးကို တပ်ဆင်ထားသည့် ဘက်စုံတမံဖြစ်သည်။

မုန်းချောင်းရေလှောင်တမံ ရေအားလျှပ်စစ်စက်ရုံက လာမည့် ဇူလိုင်လအတွင်းမှစ၍ လျှပ်စစ်ဓာတ်အားများ စတင်ထုတ်ပေးနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

ဘူးရွာရေလှောင်တမံ

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ညနေ ၄နာရီတွင် မုန်းချောင်းရေလှောင်တမံ အထက်ဘက် ၁၃မိုင်အကွာ စေတုတ္တရာမြို့နယ် ဘူးရွာအနီး မုန်းချောင်းပေါ်၌ တည်ဆောက်မည့် ဘူးရွာရေလှောင်တမံ စီမံကိန်းသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ယာယီရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ဘူးရွာရေလှောင်တမံတည်ဆောက်သွားမည့် အစီအစဉ်

စာမျက်နှာ ၁၁ ကော်လံ ၆ သို့ ✻

အမှာစကား ပြောကြား

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၄ခုနှစ် အမျိုးသား ပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ(ရန်ကုန်) ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

အမျိုးသားပညာရည်မြင့်မားရေး အနှစ် (၃၀) နှစ်ရှည်စီမံကိန်းကြီး အောင်မြင်ဖြစ်ထွန်းအောင် ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်

❐ **ပညာရေးကဏ္ဍမှ**

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြန်မာနိုင်ငံပညာရေးကော်မတီဝင်များဖြစ်ကြသော အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပညာရေးဝန်ကြီးဌာနမှ ဌာနအကြီးအကဲများ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ ပညာရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များ၊ ပြည်နယ်နှင့်တိုင်း ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ပညာရေးကိုယ်စားလှယ် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

အပြိုင်အဆိုင်

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါမှာ နိုင်ငံတကာသိပ္ပံနှင့်နည်းပညာရပ်များ၏ မြင့်မားသော အရှိန်အဟုန်ဖြင့် နက်ရှိုင်းကျယ်ပြန့်စွာ တိုးတက်ပြောင်းလဲဖြစ်ပေါ်မှုတွေသည် ကမ္ဘာ့နိုင်ငံအသီးသီးကို ပညာရေးပြုပြင်ပြောင်းလဲမြှင့်တင်မှုများ မဖြစ်မနေပြုလုပ်ကြစေဖို့ တွန်းအားပေးစေ့ဆော်လျက်ရှိနေသည့်အတွက် နိုင်ငံတိုင်း နိုင်ငံတိုင်းအနေဖြင့် နိုင်ငံတကာ ဖြစ်ပေါ်ပြောင်းလဲမှုတွေနှင့် လိုက်လျောညီထွေစွာ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို အပြိုင်အဆိုင် ကြိုးပမ်းလျက်ရှိကြခြင်းကို ပညာရှင်များ အသိအမြင်ပင်ဖြစ်ကြောင်း။

တိုးတက်ဖြစ်ထွန်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့်လည်း နိုင်ငံတကာသိပ္ပံနှင့် နည်းပညာရပ်များ၏ တိုးတက်ပြောင်းလဲမှုများနှင့်လျော်ညီစွာ မိမိနိုင်ငံ၊ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်မှုကို လက်တွေ့ဖော်ဆောင်ပေးနိုင်မည့် ရေရှည်ကို ဦးတည် မျှော်မှန်းသော အမျိုးသားပညာရေးမြှင့်တင်မှု အစီအမံများကို လွန်ခဲ့သော ငါးနှစ်ကျော် ခြောက်နှစ်ခန့်ကာလကတည်းက စတင်ပြီး စနစ်တကျစီမံချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အတွက် ယနေ့ဆိုလျှင် ထိုက်သင့်သော တိုးတက်ပြောင်းလဲမှုတွေနှင့်အတူ ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တစ်စထက်တစ်စ တိုးတက်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် ပညာရေးစနစ် ပြုပြင်ပြောင်းလဲမှုတွေကို နိုင်ငံတကာတိုးတက်ပြောင်းလဲမှုများနှင့် ယှဉ်တွဲဖြစ်ထွန်းနေစေဖို့ အပြင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ သမိုင်းကြောင်းအခြေခံတွေ၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်အစဉ်အလာတွေ၊ တိုင်းရင်းသားလူမျိုးများ စုစည်းယှက်နွှယ် ပေါင်းစည်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုကြီး၏ ထူးခြားသည့် အနှစ်သာရတွေ၊ အမျိုးသားရေးစရိုက်လက္ခဏာတွေကို အခြေခံထားသည့် အမျိုးသားရေးမူဝါဒတွေနှင့် ဖော်ဆောင်ထားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်တွေကို အထောက်အကူပြုနိုင်မည့် ပညာရေးစနစ်တစ်ရပ် ဖြစ်လာစေဖို့ အလေးထား စီမံဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းအဆင့်ဆင့်ကို ရေးဆွဲချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာမှာ မိမိနိုင်ငံ၊ မိမိလူမျိုး၏ ဖွံ့ဖြိုးတိုးတက်မှုကို အမျိုးသားရေးလမ်းကြောင်းမှန်အတိုင်း ထိန်းသိမ်းဖော်ဆောင်မြှင့်တင်ပေးနိုင်မည့် ပညာရေးစနစ်တစ်ရပ်ဖြစ်စေဖို့၊ ကျောင်းသူ၊ ကျောင်းသားလူငယ်များကို နိုင်ငံတကာသိပ္ပံနှင့် နည်းပညာရပ်များ၏ တိုးတက်ဖြစ်ထွန်းမှုနှင့်အညီ အရည်အသွေးနှင့်ပြည့်ဝအောင် လေ့ကျင့်ပျိုးထောင်ပေးနိုင်သည့် ပညာရေးစနစ်တစ်ရပ်ဖြစ်စေဖို့၊ အမျိုးသားရေးစရိုက်လက္ခဏာများ၊ မြန်မာ့ဓလေ့ လူမှုနှုန်းစံများကို ထိန်းသိမ်းမြှင့်တင်ပေးနိုင်မည့် ပညာရေးစနစ်တစ်ရပ် ဖြစ်စေဖို့နှင့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကြီး ဖြစ်ပေါ်လာရေးကို ဦးတည်သော ပညာရေးစနစ်တစ်ရပ်ဖြစ်စေဖို့ဆိုသည့် ရည်ရွယ်ချက်ရည်မှန်းချက်များနှင့် အဘက်ဘက်က စနစ်တကျ စီမံဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်ကြောင်း။

ယနေ့ ပညာရေးနှီးနှောဖလှယ်ပွဲကြီးမှာ အမျိုးသားပညာရည် မြင့်မားရေး စီမံကိန်းအဆင့်ဆင့်နှင့် လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်မှုတွေ၊ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံများအတွက် ဆွေးနွေးညှိနှိုင်းမှုတွေမှာလည်း ယခုရှင်းပြခဲ့သည့် အခြေခံများနှင့် ဆီလျော်ကိုက်ညီမှုရှိစေရအောင် ပညာရှင်များ၊ ဆရာကြီး၊ ဆရာမကြီးများအားလုံးက အဓိကထား ဆွေးနွေးညှိနှိုင်းသွားကြဖို့ လိုအပ်သည်ကို ပြောကြားလိုကြောင်း။

သတ္တမအကြိမ်

နိုင်ငံတော်အနေဖြင့် ၁၉၉၈ခုနှစ်က စတင်ပြီး ယခုလို ပညာရေးကဏ္ဍက ပညာရှင်များ၊ စီမံခန့်ခွဲသူများ၊ ဆရာကြီး၊ ဆရာမကြီးများ စုံစုံညီညီ ပါဝင်သည့် ပညာရေးနှီးနှောဖလှယ်ပွဲများကို နှစ်စဉ်မပျက်ကျင်းပပြီး အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းအဆင့်ဆင့်ကို တစ်နှစ်ချင်း၊ တစ်ဆင့်ချင်း တိုးမြှင့်စီမံချမှတ်ဆောင်ရွက်လာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် သတ္တမအကြိမ်မြောက်ခဲ့ပြီဖြစ်ကြောင်း။

၁၉၉၈ခုနှစ်ကစတင်ပြီး အခြေခံပညာကဏ္ဍမှာ တစ်နှစ်ချင်း၊ တစ်ဆင့်ချင်း မြှင့်တင်ဆောင်ရွက်ခဲ့သည့် ပညာရေးမြှင့်တင်မှုအစီအစဉ် (ပထမအဆင့်)၊ (ဒုတိယအဆင့်)နှင့် (တတိယအဆင့်) လုပ်ငန်းစဉ်တွေ၊ ၂၀၀၀ပြည့်နှစ်က စတင်ပြီး ပညာရေးမြှင့်တင်မှုအစီအစဉ် (တတိယအဆင့်)နှင့် ယှဉ်တွဲပြီး အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့ကို ချိတ်ဆက်ဆောင်ရွက်ခဲ့သည့် အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း လုပ်ငန်းစဉ်တွေ၊ ဤအမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း၏ ဒုတိယနှစ်က စတင်ပြီး ဆက်စပ်ဆောင်ရွက်ခဲ့သော အမျိုးသားပညာရည်မြင့်မားရေး အနှစ် ၃၀ နှစ်ရှည် စီမံကိန်းလုပ်ငန်းစဉ်တွေကို တစ်ဆင့်ချင်း တစ်ဆင့်ချင်း အရည်အသွေးရော အနှစ်သာရပါ ဆင့်ပွားတိုးတက်မြှင့်တင် ဆောင်ရွက်လာနိုင်ခဲ့ခြင်းမှာ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းနိုင်မှုကြောင့်ပင်ဖြစ်ကြောင်း။

၂၀၀၀-၂၀၀၁ ခုနှစ် ဘဏ္ဍာရေးနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းမှာ ယခုနှစ်မှာ အောင်မြင်ပြီးဆုံးခဲ့ပြီဖြစ်၍ စီမံကိန်းအကောင်အထည်ဖော် အောင်မြင်ဖြစ်ထွန်းမှုပြပွဲတစ်ရပ်ကို ယခု မေလဆန်းပိုင်းမှာပင် ဂုဏ်ယူဝင့်ကြွားစွာ ခင်းကျင်းပြသ နိုင်ခဲ့ပြီဖြစ်ကြောင်း။

ထို့ကြောင့် ယခုဆိုလျှင် ထူးခြားလေးနက်သည့် ပညာရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းမှုတွေကို ပီပီပြင်ပြင် ခိုင်ခိုင်မာမာ တွေ့မြင်နေရပြီဟု ဆိုနိုင်ကြောင်း။

ပီပီပြင်ပြင်ပေါ်ထွန်း

ယခုဆိုလျှင် ကျောင်းသားကို ဗဟိုပြုပြီး ကျောင်းသူ၊ ကျောင်းသားတစ်ဦးချင်း၏ မိမိဝါသနာ၊ ဗီဇနှင့် အရည်အသွေးတို့အရ ဘက်စုံထူးချွန်မှုနှင့် သီးခြားကျွမ်းကျင်မှုတို့ကို ယှဉ်တွဲပြုစု ပျိုးထောင်ပေးနိုင်သည့်အပြင် လူ့ဘောင်အဖွဲ့အစည်းနှင့် အပြန်အလှန် ဆက်စပ်အကျိုးပြုသော ပညာရပ်တွေ၊ တက္ကသိုလ်ပညာဆက်လက်သင်ကြားရေးသက်သက်သာမဟုတ်ဘဲ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အလယ်အလတ်လမ်းသွယ်များကို ရွေးချယ်သင်ယူနိုင်သည့် အခွင့်အလမ်းတွေ၊ အဆင့်မြင့်ပညာအဆင့်များမှာလည်း ပညာရပ်များအလိုက် အထူးပြုတက္ကသိုလ်များ ထူထောင်ပေးမှုတွေ၊ ပညာရပ်မျိုးကွဲများအလိုက် ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်ပေးမှုတွေစသည့် အခွင့်အလမ်းပွင့် ပညာရေးစနစ်တစ်ရပ် ပီပီပြင်ပြင်ပေါ်ထွန်းနေပြီဖြစ်ကြောင်း။

ထို့ပြင် ဆရာကနေ တစ်ဖက်သတ် သင်ကြားပို့ချပေးမှု စနစ်မှသည် ခေတ်မီသတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာနည်းပညာကို အခြေခံသည့် သင်ကြားမှုနှင့် သင်ယူမှု အပြန်အလှန်အကျိုးပြုနိုင်သော (interact) ဖြစ်သည့် ပညာရေးစနစ်ကို ကူးပြောင်းနိုင်ခဲ့ပြီး ယင်းသင်ကြားမှု သင်ယူမှုစနစ်ကို အထောက်အကူပြုသည့် Multi-Media Classroom တွေ၊ Learning Centre တွေ၊ Resource Centre တွေစသည့် သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံတွေလည်း ဖြစ်ထွန်းလာခဲ့ပြီဖြစ်ခြင်းကြောင့် သင်ကြားမှု သင်ယူမှု အရည်အသွေးကို ထူးထူးခြားခြား မြှင့်တင်ပေးနိုင်ခဲ့သဖြင့် မြို့ပြနှင့် ကျေးလက် ပညာရေးအခွင့်အလမ်း ကွာဟမှုကိုလည်း ကျဉ်းမြောင်းစေလျက်ရှိသည်ကို တွေ့ကြ ရမှာဖြစ်ကြောင်း။

ယခုကဲ့သို့ တိုးတက်ဖြစ်ထွန်းမှုတွေမှာ ပညာရေးကဏ္ဍက မျှော်မှန်းအကောင် အထည်ဖော်ဆောင်ရွက်နေသည့် **"အခွင့်အလမ်းပွင့်၊ အရည်အချင်းမြင့်၊ ပညာခက်ဖြာ"** ဆိုသည့် ဂုဏ်ဒြပ်နှင့် အရည်အသွေးများ ပညာရေးကဏ္ဍမှာ ရုပ်လုံးပေါ် ဖြစ်ထွန်းနေပြီဆိုခြင်းကို ဖော်ညွှန်းပြသနေခြင်းပင်ဖြစ်ကြောင်း။

ကျောင်းနေနှုန်းတိုးတက်မြင့်မား

အခြေခံပညာကဏ္ဍ၏ သီးခြားရည်မှန်းချက်တစ်ရပ်ဖြစ်သည့် နိုင်ငံသူ နိုင်ငံသားတိုင်း အခြေခံပညာပြီးဆုံးစေရေး ရည်မှန်းချက်နှင့် ပတ်သက်ပြီးလည်း ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းနေရေးလုပ်ငန်းစဉ်များကို ဆရာ၊ ဆရာမများ၊ မိဘပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ အပါအဝင် တစ်မျိုးသားလုံး တက်ညီလက်ညီ ပူးပေါင်းပြီး တစ်နှစ်ထက်တစ်နှစ် အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ၂၀၀၃ခုနှစ်မှာ သူငယ်တန်းအရွယ် ကလေးများ၏ ကျောင်းနေနှုန်းသည် တစ်နိုင်ငံလုံးအတိုင်းအတာအရ ၉၅ ဒသမ ၀၅ ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာသည်ကို တွေ့ရကြောင်း၊ အထူးအာရုံစူးစိုက်ဆောင်ရွက်ခဲ့သည့် စီမံချက်ဝင် မြို့နယ်များ၌ သူငယ်တန်းအရွယ် ကျောင်းဝင်နှုန်းမှာ ၉၈ ဒသမ ၉၃ ရာခိုင်နှုန်းအထိ မြင့်မားလာခဲ့သည်ကို တွေ့ရကြောင်း။

မူလတန်းပညာပြီးဆုံးသော ကလေးများအတွက် အလယ်တန်းပညာကို မိမိဒေသအတွင်း အလွယ်တကူ ဆက်လက်သင်ယူခွင့် ရရှိရေးအတွက် မူလတန်းလွန်ကျောင်းများ ဖွင့်လှစ်ပေးခဲ့ရာမှာ ၂၀၀၃-၂၀၀၄ ပညာသင်နှစ်မှာ မူလတန်းလွန်ကျောင်း ၃၈၂၉ ကျောင်းအထိ ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် အလယ်တန်းအဆင့် ပဉ္စမတန်း၊ ဆဋ္ဌမတန်းနှင့် သတ္တမတန်းကျောင်းသား ၂၃၈၈၀၀ကျော်အတွက် အလယ်တန်းပညာသင်ကြားနိုင်မှု အခွင့်အလမ်းများ တိုးတက်ဖန်တီးပေးနိုင်ခဲ့သည်ကို တွေ့ရကြောင်း။

ဆရာအတတ်ပညာ မြင့်မားရေး၊ ဆရာ၊ ဆရာမများ စဉ်ဆက်မပြတ် အဆင့်မြင့်ပညာများ တိုးတက်သင်ယူနိုင်ရေးနှင့် ဆရာလိုအပ်မှုကို ပုံမှန်ဖြည့်တင်းနိုင်ရေးတို့အတွက် လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်ဆရာအတတ်သင်တန်းတွေ၊ ဘွဲ့လွန်သင်တန်းတွေ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့သည်ကိုလည်း တွေ့ရကြောင်း။

ယခုဆိုလျှင် ပညာရေးတက္ကသိုလ် နှစ်ခုနှင့် ပညာရေးကောလိပ် ၂၀တို့မှာ ဘွဲ့ကြိုနှင့် ဘွဲ့လွန် ပညာရေးသင်တန်းတွေ၊ M.Ed နှင့် Ph.D သင်တန်းတွေ၊ PGDT နှင့် PGDMA သင်တန်းတွေ ဖွင့်လှစ်ပေးနေသည့်အပြင် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ကျွမ်းကျင်မှုသင်တန်း (Pre-Service Teacher Education Competency Training-PTECT) သင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ဖို့စီစဉ်နေပြီဟု သိရကြောင်း။

၁၆၈၁၀ ကျောင်း

ခေတ်မီသင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများကို နိုင်ငံတော်အစိုးရကသာမက မိဘပြည်သူများ၊ ပညာရေးစေတနာရှင်များ၏ အကူအညီဖြင့် အခြေခံပညာကျောင်းများမှာ တိုးချဲ့တပ်ဆင် ဖွဲ့စည်းသင်ကြားလျက်ရှိသည့်အတွက် ၂၀၀၃-၂၀၀၄ ပညာသင်နှစ်မှာ Multi Media Classroom ဖွဲ့စည်း အသုံးပြုနိုင်သည့် ကျောင်းပေါင်း ၁၁၅၂ ကျောင်း၊ Media-3 Platform တပ်ဆင်နိုင်သည့် ကျောင်းပေါင်း ၃၅၀ ကျော်၊ Media-2 Platform တပ်ဆင်နိုင်သည့် ကျောင်းပေါင်း ၁၀၀၀ နီးပါးနှင့် Media-1 Platform တပ်ဆင်နိုင်သည့် ကျောင်းပေါင်း ၁၄၀၀၀ ကျော် ရှိပြီဖြစ်သည့်အတွက် စုစုပေါင်း ၁၆၈၁၀ ကျောင်းအထိ တိုးတက်လာသည်ကို တွေ့ရှိရကြောင်း။

ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူမှု အခွင့်အလမ်းများ ပိုမိုတိုးပွားစေရေးအတွက် Electronic Data Broadcasting System ဖြင့် ပို့ချပေးနေသည့် e-Education Learning Centre ၄၅၅ ခု ဖွဲ့စည်းပေးထားပြီးဖြစ်ခြင်းကြောင့် ယခုထပ်မံပြီး ၁၆၄ ခု တိုးချဲ့ဖွဲ့စည်းသွားဖို့ စီစဉ်လျက်ရှိသည့်အတွက် မကြာမီကာလမှာ Learning Centre ၆၁၉ ခုအထိ တိုးတက်လာမှာဖြစ်ကြောင်း၊ ယင်း Learning Centre များအထဲမှာ Learning Centre ပေါင်း ၅၄၈ ခုမှာ အခြေခံပညာကျောင်းများမှာ ဖွင့်လှစ်ထားခြင်း ဖြစ်သည်ကို တွေ့ရကြောင်း။

ယခုလို အဘက်ဘက်က ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရအောင် စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိသည့်အတွက် အခြေခံပညာကဏ္ဍသည် နိုင်ငံတော်၏ မျှော်မှန်းချက်များနှင့်အညီ ပြောင်းလဲတိုးတက် ဖြစ်ထွန်းလာနေပြီဆိုသည်ကို အားရဂုဏ်ယူဖွယ် တွေ့မြင်နေရပြီဖြစ်ကြောင်း။

ထို့ကြောင့် ယခု အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲကြီးကို တက်ရောက်လာကြသည့် ပညာရေးကိုယ်စားလှယ်များ၊ ပညာရှင်များ၊ ဆရာကြီး၊ ဆရာမကြီးများအားလုံးက မိမိတို့ အခြေခံပညာကဏ္ဍမှာ ရရှိဖြစ်ထွန်းနေပြီဖြစ်သော ပညာရေးအခြေခံကောင်းတွေ၊ အကျိုးရလဒ်ကောင်းတွေ၊ အစဉ်အလာကောင်းတွေကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ရင်း ရှေ့ဆက်ဆောင်ရွက်သွားရမည့် ပညာရေးမြှင့်တင်မှု လုပ်ငန်းစဉ်များ အောင်မြင်ဖြစ်ထွန်းစေမည့် အကြံကောင်း ဉာဏ်ကောင်းတွေကို အကြံပြုဆွေးနွေးညှိနှိုင်းပြီး လက်တွေ့အကျိုးရှိထိရောက်မည့် ကောင်းမြတ်သည့် အစီအမံတွေချမှတ်နိုင်စေရအောင် တက်ညီလက်ညီ ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားကြပါရန် မှာကြားလိုကြောင်း။

နှစ် (၃၀) စီမံကိန်း

ယနေ့အချိန်အခါမှာ နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားစီးပွားရေး စီမံကိန်းတွေ၊ အထူးဖွံ့ဖြိုးရေး စီမံကိန်းကြီးတွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွေ၊ ဖွံ့ဖြိုးရေးအထူးဒေသ ၂၄ ခု စီမံကိန်းတွေ၊

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗန်ကောက် အဲယားဝေးစ်ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် မေ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဗန်ကောက်အဲယားဝေးစ်ဥက္ကဋ္ဌ Dr. Prasert Prasarttong-Osoth နှင့်အဖွဲ့အား ယနေ့ ညနေ၄နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဗန်ကောက်အဲယားဝေးစ် ဥက္ကဋ္ဌ Dr. Prasert Prasarttong-Osoth အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဗန်ကောက်အဲယားဝေးစ် ဥက္ကဋ္ဌ Dr. Prasert Prasarttong-Osoth နှင့်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

✳ စာမျက်နှာ ၉ မှ

များ၊ ရေလှောင်တမံ၏ ဆည်ရေဖြင့် ရေအားလျှပ်စစ် ထုတ်ယူရရှိမည့် အခြေအနေများ၊ မုန်းချောင်း အထက်ပိုင်း၌ ဘူးရွာရေလှောင် တမံ တည်ဆောက်ခြင်းဖြင့် မုန်းချောင်း ရေလှောင်တမံနှင့် ကြီးအုံ–ကြီးဝ ရေလှောင်တမံတို့ကိုပါ ဆက်စပ်အကျိုးပြုသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်မောင်ချစ်က ဘူးရွာ ရေလှောင်တမံ တည်ဆောက်နိုင်မည့် တမံဒီဇိုင်းနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ကုန်ကျစရိတ်နည်းအောင်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ရေလှောင်တမံကို တည်ဆောက်ရာ၌ ကုန်ကျစရိတ်နှင့် လုပ်ငန်းပမာဏ အနည်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ညနေပိုင်းတွင် ပုဂံ–ညောင်ဦးသို့ ပြန်လည်ရောက်ရှိကြသည်။

အထောက်အကူပြု

ဘူးရွာ ရေလှောင်တမံမှာ ရေအားလျှပ်စစ်မဂ္ဂါဝပ် ၆၀ခန့် ထုတ်ယူရရှိမည်ဖြစ်ပြီး အောက်ဘက်ရှိ မုန်းချောင်းရေလှောင်တမံသို့ ရေကူဖြည့်ပေးနိုင်မည်ဖြစ်ရာ မုန်းချောင်းရေလှောင်တမံရှိ ရေအားလျှပ်စစ်စက်ရုံက ဓာတ်အားအပြည့်အဝ ထုတ်လုပ်ပေးနိုင်အောင် အထောက်အကူပြုမည့် စီမံကိန်းဖြစ်သည်။

(သတင်းစဉ်)

● စာမျက်နှာ ၁၀ မှ

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွေ စသည့် ဖွံ့ဖြိုးရေးစီမံကိန်းအသွယ်သွယ်ကို နယ်ပယ်ကဏ္ဍစုံမှာ ဖြန့်ကြက်ဆောင်ရွက်ရင်း အောင်မြင်ဖြစ်ထွန်းလာမည့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို အနာဂတ်ကာလတိုင် သယ်ဆောင်သွားနိုင်မည့် လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားပညာရည်မြင့်မားရေး အနှစ် ၃၀ နှစ်ရှည် စီမံကိန်းကိုပါ စနစ်တကျ ယှဉ်တွဲကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ယခုလို အမိနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံကဏ္ဍစုံမှာ စနစ်တကျ စီမံချမှတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ ပညာရေးကဏ္ဍစီမံကိန်းများ အောင်မြင်ဖြစ်ထွန်းရေးသည် ပဓာနကျသည့် အခန်းကဏ္ဍက ပါဝင်နေသကဲ့သို့ အကောင်အထည်ဖော်သည့် အပိုင်းမှာလည်း ဆရာနှင့် ကျောင်းသားသည် အဓိကကျသည်ဆိုခြင်းကို ဆရာကြီး၊ ဆရာမကြီးများက အလေးအနက်ခံယူထားကြဖို့လိုအပ်မှာဖြစ်ကြောင်း။

အားထုတ်ကြိုးပမ်း

ထို့ကြောင့် ထုထည်ပမာဏကြီးမားပြီး အမျိုးသားရေးအဓိပ္ပာယ်နှင့် ပြည့်ဝသလို သိမ်မွေ့နက်ရှိုင်း ကျယ်ပြန့်လှသည့် အမျိုးသားပညာရေးမြှင့်တင်မှုလုပ်ငန်းများ မျှော်မှန်းချက်များနှင့်အညီ အောင်မြင်ဖြစ်ထွန်းရေးအတွက် ထူးခြားလေးနက်ပြီး အကျိုးရှိထိရောက်သည့် အမျိုးသားပညာရည်မြင့်မားရေးလုပ်ငန်းစဉ်များ၊ အစီအမံများ ပေါ်ထွန်းလာစေရအောင်နှင့် လက်တွေ့မှာလည်း အကောင်အထည်ပေါ် အောင်မြင်ဖြစ်ထွန်းစေရအောင် ပညာရေးဆိုင်ရာ စီမံခန့်ခွဲသူများ၊ ပညာရေးကိုယ်စားလှယ်များ၊ ပညာရှင်ကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများအားလုံးက အမျိုးသားရေးအသိစိတ်ဓာတ် ထက်သန်မြင့်မားစွာဖြင့် အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြပါရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေနဲ့ မှာကြားလိုတာကတော့–

- **ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းရပ်တည်နိုင်ရေးအတွက် အမျိုးသားပညာရည်အဆင့်အတန်းကို နိုင်ငံတကာအဆင့်မီ တိုးတက်မြင့်မားစေရအောင် ဆရာနှင့် ကျောင်းသူ၊ ကျောင်းသားများက တက်ညီလက်ညီ ကြိုးပမ်းစွမ်းဆောင်ပေးကြပါ၊**
- **နိုင်ငံတော်၏ မျှော်မှန်းချက်များနှင့် အညီအရည်အသွေး ပြည့်ဝမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာ/ကျောင်းသား တက်ကြွစွာ ကြိုးပမ်းဆောင်ရွက်ပေးကြပါ၊**
- **အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းကြီး အောင်မြင်ဖြစ်ထွန်းပြီး မြန်မာ့ပညာရေးမျှော်မှန်းချက် ပြည့်မြောက်အောင်မြင်ရေးအတွက် ချမှတ်ထားသော စီမံချက်များ၊ ရှေ့လုပ်ငန်းစဉ်များ လက်တွေ့အောင်မြင်အကောင်အထည်ပေါ်လာစေရအောင် တာဝန်ရှိသူ အသီးသီးက ထိထိရောက်ရောက် ပီပီပြင်ပြင် မှန်မှန်ကန်ကန် ကြိုးကြိုးစားစား ကြိုးပမ်းဆောင်ရွက်သွားကြပါ။**

ဟု တိုက်တွန်း မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ၂၀၀၄ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ(ရန်ကုန်)သို့ တက်ရောက်လာကြသည့် ပညာရေးကိုယ်စားလှယ် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ခန်းမမျက်နှာစာ၌ ခင်းကျင်းပြသထားသော အခြေခံပညာ သိပ္ပံခန်းသုံး ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

အမျိုးသားအဆင့် အားကစား စီမံခန့်ခွဲသူများ သင်တန်းဖွင့်လှစ်

ရန်ကုန် မေ ၁၀

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် ယနေ့နံနက်၈နာရီတွင် လှုင်ယာ အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကျင်းပသော အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ၏ အစီအစဉ်အရ ဖွင့်လှစ်သည့် အမျိုးသားအဆင့် အားကစားစီမံခန့်ခွဲသူများ သင်တန်း(၁/၂၀၀၄) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

အစီအစဉ်အရ အခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာပြီး တက်ရောက်လာသည့် သင်တန်းသား၊ သင်တန်းသူများနှင့် တစ်ဦးချင်း မိတ်ဆက်ပေးကာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အဖွင့်အမှာစကားပြောကြားပြီးသင်တန်းဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းကို ယနေ့မှ မေ ၁၄ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ ဝန်ကြီးဌာနများနှင့် ပြည်နယ်၊ တိုင်း အားကစားနှင့် ကာယပညာဦးစီးဌာနတို့မှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၂၂ဦး တက်ရောက်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၁–၅–၂၀၀၄ (အင်္ဂါနေ့)

၁၃၆၆ခုနှစ် ကဆုန်လပြည့်ကျော်(၈)ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈း၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
၈း၁၅ ၇။ ကျင်းသာရေလှောင်တမံ
၈း၃၀ ၈။ International News.
၈း၄၅ ၉။ Grammer Made Easy.
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ English for Everyday Use.
၄း၄၅ ၄။ တေးဂီတအစီအစဉ်
၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –ဒုတိယနှစ်

(အထူးပြုအားလုံး)(မြန်မာစာ)

၅း၁၅ ၆။ တေးဂီတအစီအစဉ်
၅း၃၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၅း၄၅ ၈။ ခံစားနားဆင်တေးဇာတ်ဝင်
၅း၅၅ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၃၀ ၁၀။ ညနေခင်းသတင်း
၇း၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇း၀၅ ၁၂။ ကြေးမုံရိပ်သွင်တေးနှယဉ်
၇း၂၀ ၁၃။ သယံဇာတ ဇီဝစုံလင် မြန်မာ့ပတ်ဝန်းကျင်
၇း၃၅ ၁၄။ တေးဂီတအစီအစဉ်
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ"(အပိုင်း–၃၃)**
၁၉။ Calcio Serie A Highlight.
၂၀။ **ကျေးစူးရှင် မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

တုန်းတာပြပွဲ ကွန်ပျူတာများ ပါဝင်ပြသမည်

ရန်ကုန် မေ ၁၀

ပုဇွန်တောင်မြို့နယ် အထက်ပုဇွန်တောင်လမ်းမရှိ ရန်ကုန်ကုန်သွယ်မှုဇာတ်ဟိုဌာနတွင် မေ ၁၉ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် ကုန်စည်ပြပွဲ၌ Spring Computer Company မှ ကွန်ပျူတာများကို ပါဝင်ပြသမည်ဖြစ်သည်။ ယခင် MICT Park တွင် ရောင်းချခဲ့သည့်အတိုင်း အရည်အသွေးပြည့်မီပြီး ဈေးနှုန်းချိုသာသော ကွန်ပျူတာအပါအဝင် ကွန်ပျူတာအမျိုးမျိုးနှင့် အပိုပစ္စည်းများကို အထူးဈေးနှုန်းဖြင့် ပြသရောင်းချပေးမည်ဖြစ်ပြီး ယခင် Promotion ကာလများကဲ့သို့ပင် Modem, Head, Set, CD Bag, Copy Holder စသည့် အသုံးဝင်ပစ္စည်းများကို လက်ဆောင်ပေးသွားမည်ဖြစ်သည်။ Spring Computer Company အရောင်းဌာန ကုန်စည်ပြပွဲ ပြခန်းအမှတ် (၁၁၀–၁၁၁) ပထမထပ် ရန်ကုန်ကုန်သွယ်မှုဇာတ်ဟိုဌာန အထက်ပုဇွန်တောင်လမ်း ပုဇွန်တောင်မြို့နယ်တွင် ပါဝင်ပြသပါမည်ဟု သိရသည်။ (က–ပ)

လေကြောင်းပညာရပ်များ စနစ်တကျ ဆည်းပူးလေ့လာ အနာဂတ်နိုင်ငံတော်အတွက် ထူးချွန်ပညာရှင်များဖြစ်အောင် ကြိုးပမ်း

ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် မေ ၈ ရက် နံနက်ပိုင်းတွင် မှော်ဘီတပ်နယ် နယ်မြေခံလေတပ်စခန်း၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)တို့ ပူးပေါင်းဖွင့်လှစ်လျက်ရှိသည့် လေကြောင်းရဲညွှန့်လောင်း တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၀၄)မှ သင်တန်းသားများ လက်တွေ့ပျံသန်းလေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် နံနက် ၁၀နာရီခွဲတွင် မှော်ဘီတပ်နယ် နယ်မြေခံ လေတပ်စခန်းသို့ ရောက်ရှိလာရာ အမှတ်(၁)စစ်ဒေသမှူး ဗိုလ်မှူးကြီးထွန်းကြည်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ဗိုလ်မှူးကြီးရဲချစ်ဖေနှင့် တာဝန်ရှိသူများ၊ မှော်ဘီတပ်နယ်မှ တပ်မတော်အရာရှိများက ကြိုဆိုကြသည်။

ထို့နောက် မှော်ဘီတပ်နယ် နယ်မြေခံတပ်၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ဗိုလ်မှူးကြီးရဲချစ်ဖေက လေကြောင်းရဲညွှန့်လောင်း တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၀၄)၌ လေကြောင်းဆိုင်ရာ ပညာရပ်များ သင်ကြားနေမှုများနှင့် ပတ်သက်၍ ပဏာမ ရှင်းလင်းတင်ပြသည်။

ယင်းနောက် သင်တန်းမှူး ဒုတိယဗိုလ်မှူးကြီးဝင်းအောင်(လေ)က သင်တန်းနှင့်ပတ်သက်၍ လေ့ကျင့်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်မှူးညီညီလွင်(လေ)က အပေါ့လွန်လေယာဉ် (X Air Ultralight)နှင့် ပတ်သက်သည့် အချက်အလက်များနှင့် လေယာဉ်ပျံသန်းခြင်းဆိုင်ရာများ သင်ကြားနေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် အပေါ့လွန်လေယာဉ် (X Air Ultralight) ကို ကြည့်ရှုစစ်ဆေးကြပြီး အပေါ့လွန်လေယာဉ် (X Air Ultralight) ကို သင်တန်းသားများအား လက်တွေ့ပျံသန်း သင်ကြားလေ့ကျင့်နေမှုများကိုလည်းကောင်း၊ လေယာဉ်ငယ်များအား အဝေးထိန်းစနစ်ဖြင့် သရုပ်ပြပျံသန်းပြသနေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လေကြောင်းဆိုင်ရာပညာရပ်များ သင်ကြားပြသနေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

လေ့လာဆည်းပူး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လေကြောင်းရဲညွှန့်လောင်း တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၀၄)မှ သင်တန်းသားများအား သင်တန်းမှ သင်ကြားပေးလိုက်သည့် လေကြောင်းဆိုင်ရာပညာရပ်များကို စနစ်တကျ တတ်ကျွမ်းနားလည်အောင် လေ့လာဆည်းပူးပြီး အနာဂတ်နိုင်ငံတော်အတွက် လေကြောင်းအာကာသဆိုင်ရာ ပညာရပ်များကို ထူးချွန်ထက်မြက်သည့် အတတ်ပညာရှင်များဖြစ်လာသည်အထိ ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လေကြောင်းရဲညွှန့်လောင်း တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၀၄)မှ သင်တန်းသားများအတွက် ဂုဏ်ပြုဆုငွေကျပ် တစ်သိန်းကို ချီးမြှင့်ပေးအပ်ခဲ့သည်။ (သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ပြည်ထောင်စုမြန်မာနိုင်ငံ ရန်ကုန်မြို့နှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တို့အကြား လေကြောင်းခရီးစဉ်ပျံသန်းသည့် ဗန်ကောက်လေကြောင်းလိုင်း (Bangkok Airways) **ဖွင့်ပွဲအခမ်းအနားတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဗန်ကောက်လေကြောင်းလိုင်းဥက္ကဋ္ဌ** Dr. Prasert Prasarttong Osoth **တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ဂျပန်နိုင်ငံ ဂျပန်-မြန်မာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးအသင်း (Association for Japan Myanmar Mutual Cooperation-AJMMC) **မှ မျက်စိစစ်ဆေးကိရိယာ** (Slit Lamp) **တစ်စုံနှင့် မျက်စိရောဂါကုဆေးပစ္စည်းများ လှူဒါန်းပွဲတွင် ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းအား ဂျပန်-မြန်မာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးအသင်းမှ** Mr. Shigeru Oyama **နှင့် ဦးမင်းမင်းအောင်တို့က မျက်စိရောဂါကု ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

ထိုင်းနိုင်ငံ ဗန်ကောက်လေကြောင်းလိုင်း (Bangkok Airways) ဗန်ကောက်-ရန်ကုန်-ဗန်ကောက် ပုံမှန်ခရီးစဉ် ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံ ရန်ကုန်မြို့နှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တို့အကြား လေကြောင်းခရီးစဉ် ပျံသန်းသည့် ဗန်ကောက်လေကြောင်းလိုင်း (Bangkok Airways) **၏ ဗန်ကောက်-ရန်ကုန်-ဗန်ကောက် ပုံမှန်ခရီးစဉ် ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁၂နာရီ ၁၅မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပသည်။**

အဆိုပါ အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗန်ကောက် လေကြောင်းလိုင်းဥက္ကဋ္ဌ Dr. Prasert Prasarttong Osoth နှင့် လေကြောင်းလိုင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လေကြောင်းလိုင်းများနှင့် ခရီးသွား ကုမ္ပဏီများမှ ဖိတ်ကြားထားသောပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်ပြည်ပ ဆိုက်ရောက်ဆောင်ရှေ့၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေနှင့် ဗန်ကောက်လေကြောင်းလိုင်း ဥက္ကဋ္ဌ Dr. Prasert Prasarttong Osoth တို့က ဗန်ကောက်-ရန်ကုန်-ဗန်ကောက် လေကြောင်းလိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဟိုတယ်၌ ဖွင့်ပွဲအထိမ်းအမှတ် အခမ်းအနားကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်က ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေကြောင်းပျံသန်းမှုများကို တိုးမြှင့်ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗန်ကောက် လေကြောင်းလိုင်းဥက္ကဋ္ဌ Dr. Prasert Prasarttong Osoth က Bangkok Airways လေကြောင်းလိုင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဗန်ကောက်လေကြောင်းလိုင်းသည် ဗန်ကောက်-ရန်ကုန်-ဗန်ကောက် ခရီးစဉ်ကို နေ့စဉ် ပုံမှန်ပျံသန်းမည်ဖြစ်ပြီး အသုံးပြုသည့်လေယာဉ်မှာ ခရီးသည် ၁၂၅ဦး တင်ဆောင်နိုင်သည့် ဘိုးရင်း ၇၁၇-၂၀၀ အမျိုးအစားလေယာဉ်ဖြစ်သည်။ ဗန်ကောက်လေကြောင်းလိုင်းမှ ဗန်ကောက်-ရန်ကုန်-ဗန်ကောက် ခရီးစဉ် ပျံသန်းနိုင်ခြင်းသည် ၁၉၆၉ ခုနှစ်က ချုပ်ဆိုခဲ့သည့် မြန်မာ-ထိုင်း နှစ်နိုင်ငံ လေကြောင်းပို့ဆောင်ရေး သဘောတူညီချက်စာချုပ်နှင့် အဆိုပါစာချုပ်ကို သဘောတူ ပြင်ဆင်ချက်များပါ လေကြောင်းပို့ဆောင်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို နှစ်နိုင်ငံအကြား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ လေကြောင်းဆက်သွယ်မှု တိုးမြှင့်ရန် နှစ်နိုင်ငံကိုယ်စားလှယ်များ၏ သဘောတူညီချက်များအရ ပျံသန်းနိုင်ခြင်းဖြစ်သည်။

ပြန်လည်ထွက်ခွာ

ယနေ့မွန်းလွဲ ၁၂နာရီ ၁၅မိနစ်တွင် ဗန်ကောက်မြို့မှ ဆိုက်ရောက်လာသော Bangkok Airways ၏ လေယာဉ် ခရီးစဉ်အမှတ် T.G 701 လေယာဉ်အမျိုးအစား Boeing 717-200 တွင် စုစုပေါင်းခရီးသည် ၇၂ဦး လိုက်ပါလာခဲ့ကြပြီး မွန်းလွဲ ၁၂နာရီ မိနစ် ၅၀တွင် ခရီးသည် ၄၅ဦးအား သယ်ဆောင်ကာ ဗန်ကောက်မြို့သို့ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

ဟာသဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၁၀

ကာတွန်းမြေဇာ၏ မျက်နှာဖုံးကာတွန်းနှင့် ငွေကြည်၏ နှစ်ခါတောင်မှန်တယ် ကာတွန်းဇာတ်လမ်း အပါအဝင် ဆရာသာဂဒိုး၊ သန်လျင်မောင်မောင်ဦး၊ ဖိုးဉာဏ်၊ ဆြာကြီးထိန်၊ ဆရာကြီးထိပ်တင်ဗလရှင်၊ တေးသံရှင်ကြည်အောင်၊ တစ်ကောင်ဘွား (ညောင်ရမ်း)၊ ကာတွန်း မြင့်စိုးလေး၊ မောင်သင်းယဉ်(ပျဉ်းမနား)၊ အေးလွင်ဦး (တမွဝတီ)၊ ပေမှေး၊ ရွှေမျိုးဟိတ်၊ မာန်သွေးသစ်မင်း၊ သန်းထွန်းဇော်၊ ကျော်ဇောဟိန်း(ဒေါပုံ)၊ ကိုအောင်ငွေသိမ်းတို့၏ ဟာသအတွေးအရေးနှင့် ရုပ်ရှင်သဘင်ဟာသရသများကို စုစည်းဖော်ပြထားသော ဟာသဂျာနယ် အတွဲ(၂)၊ အမှတ်(၄၀) ကို ဝါမိုးအောင် စာပေ အမှတ် ၅၂၉ ကုန်သည်လမ်း ရန်ကုန်မြို့က ယနေ့ ဖြန့်ချိကြောင်း သိရသည်။ (က-ပ)

ဂျပန်-မြန်မာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးအသင်း မျက်စိစစ်ဆေးကိရိယာနှင့် မျက်စိရောဂါကု ဆေးပစ္စည်းများ လှူဒါန်း

ရန်ကုန် မေ ၁၀

ဂျပန်နိုင်ငံ ဂျပန်-မြန်မာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးအသင်း (Association for Japan Myanmar Mutual Cooperation-AJMMC)**မှ ပေးပို့လှူဒါန်းသော မျက်စိစစ်ဆေးကိရိယာ** (Slit Lamp) **တစ်စုံနှင့် မျက်စိရောဂါကုဆေးပစ္စည်း ၁၁မျိုး ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် အမှတ်(၂) တပ်မတော်စစ်ဆေးရုံ (ခုတင်-၅၀၀) ရောဂါရှာဖွေကုသရေးဌာန အဆောက်အအုံ၌ကျင်းပရာ အခမ်းအနားသို့ ဒုတိယ တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသန်းအောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ဂျပန်-မြန်မာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ဒုတိယ တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းထံ မျက်စိစစ်ဆေးကိရိယာ (Slit Lamp) တစ်စုံနှင့် မျက်စိရောဂါကုဆေးပစ္စည်း ၁၁မျိုးတို့ကို ဂျပန်-မြန်မာ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ Mr. Shigeru Oyama နှင့် ဦးမင်းမင်းအောင်တို့က ပေးအပ်လှူဒါန်းကြသည်။

ထို့နောက်ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက လှူဒါန်းသည့်ပစ္စည်းများကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသန်းအောင်ထံ လွှဲပြောင်းပေးအပ်ပြီး ဗိုလ်မှူးကြီးသန်းအောင်က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၀-၅-၂၀၀၄)

သထုံ-	၁ ဒသမ ၆၉လက်မ
စစ်တွေ-	၁ ဒသမ ၁၈လက်မ

ပဏာမ မြန်မာလူငယ် အမျိုးသား ဘော်လီဘောအသင်း ရိုက်ခုတ်မှု လေ့ကျင့်နေစဉ်။ (ကြေးမုံ)

ဘဏ္ဍာ/ အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဘဏ်လုပ်ငန်း သင်တန်းဖွင့်ပွဲတက်ရောက်

ရန်ကုန် မေ ၁၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် လက်ထောက်မန်နေဂျာများ ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းအမှတ်စဉ် (၁/၂၀၀၄)ဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂နာရီတွင် ပန်းဆိုးတန်းလမ်းရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁)သင်တန်းခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဗိုလ်အောင်ကျော်လမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်သို့ သွားရောက်ပြီး ယင်းဘဏ်အတွင်း ဘဏ်များ ကြီးကြပ်ရေးကော်မတီမှ ဖွင့်လှစ်လျက်ရှိသော အထွေထွေဘဏ်လုပ်ငန်းသင်တန်း (အရာရှိအဆင့်) သင်တန်းအမှတ်စဉ် (၃)တွင် တက်ရောက်နေသော သင်တန်းသားများအား သင်ခန်းစာပို့ချမှု အခြေအနေများနှင့် သင်တန်းပို့ချသည့် ဆရာ၊ ဆရာမများအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

မှာကြား

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဘဏ်အတွင်းရှိ ဘဏ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ယင်းဘဏ်အတွင်းရှိ SWIFT System ဖြင့် ဘဏ်လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြသန်းနှင့် တာဝန်ရှိသူများက SWIFT System ၏ အရှည်ကောက်ခေါ်ဆိုမှုသည် Society for World Wide Interbank Financial Telecommunication ဖြစ်၍ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ ဘဏ်လုပ်ငန်း ဆက်သွယ်ဆောင်ရွက်ရာတွင်လည်းကောင်း၊ ငွေပေး ငွေယူ ကိစ္စရပ်များ ဆောင်ရွက်ရာတွင်လည်းကောင်း Computer Online စနစ်များဖြင့် ယခင်စနစ်များထက် လျင်မြန်မှန်ကန်စွာ ဆောင်ရွက်နိုင်မှုရှိကြောင်းနှင့် လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက စက်ပစ္စည်းများ စနစ်တကျရှိစေရေး၊ ပျက်စီးချို့ယွင်းမှုများ မရှိစေရေး ဂရုစိုက်ဆောင်ရွက်သွားကြရန် မှာကြားသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့
ဗဟိုဦးစီးအဖွဲ့အစည်းအဝေး ၂၀၀၄ ခုနှစ်
မေလ(၁၁)ရက်မှ(၁၃)ရက်
ပြည်ထောင်စုခန်းမ၊ ကျိုက္ကဆံကွင်း
ရန်ကုန်မြို့

အရှေ့တောင်အာရှ လူငယ်ဘော်လီဘော ပြိုင်ပွဲဝင်ရန် မြန်မာလူငယ် အမျိုးသားအသင်း လေ့ကျင့်ပြင်ဆင်

ရန်ကုန် မေ ၁၀

(၁၃)ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်ဘော်လီဘော ပြိုင်ပွဲကို ဩဂုတ် နောက်ဆုံးပတ်တွင် မလေးရှားနိုင်ငံ၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာလူငယ်အမျိုးသား ဘော်လီဘောအသင်းအား နည်းပြ ဦးစောဟင်နရီ၊ လက်ထောက်နည်းပြ ဦးစိုင်းထွန်းဦးတို့က မတ်လကုန်ခါနီးမှ စတင်၍ လေ့ကျင့်ပေးလျက်ရှိသည်။

မြန်မာလူငယ်အမျိုးသား ဘော်လီဘော အသင်းသည် အရှေ့တောင်အာရှ လူငယ်ပြိုင်ပွဲတွင် အစဉ်အလာရှိသော အသင်းတစ်သင်းဖြစ်သည်။ ပထမ ရွှေတံဆိပ် သုံးကြိမ်ဆက်တိုက်နှင့် ငွေတံဆိပ်တစ်ကြိမ်တို့ကို ဆွတ်ခူးရရှိခဲ့ဖူးသည်။ ပြိုင်ပွဲကို နှစ်နှစ်တစ်ကြိမ် ကျင်းပခြင်းဖြစ်ရာ မြန်မာလူငယ် အသင်းသည် ၁၉၉၂၊ ၉၄၊ ၉၆ ခုနှစ်တို့၌ သုံးနှစ်ဆက်တိုက် ရွှေတံဆိပ်ရရှိခဲ့၍ ချန်ပီယံဆုဖလားကို အပိုင်ဆွတ်ခူးရရှိထားသည်။

ယခုပြိုင်ပွဲအတွက် ရွေးချယ်လေ့ကျင့်ပေးလျက်ရှိသော ပဏာမကစားသမား ၁၇ဦးမှာ လစ်ဘရိုကစားသမား တင်မောင်ထွေး(ပြည်ထဲရေး)၊ ဗဟိုကစားသမား စောဂျောင်းအောင် (ပို့ဆောင်ရေး)၊ ဇော်ဇော်နောင် (လဝက)၊ စိုင်းညီလေး (လဝက)၊ သန့်ဇင်အောင် (အား/ကာသိပ္ပံ၊ ရန်ကုန်)၊ အောင်ကြိုင် (အား/ကာသိပ္ပံ၊ မန္တလေး)၊ ဘိုဘိုထွန်း (အား/ကာသိပ္ပံ၊ ရန်ကုန်)၊ ညာခြမ်း အရိုက်သမား သားအို(ကာကွယ်ရေး)၊ မောင်မောင်ထွေး(ပို့ဆောင်ရေး)၊ ဘယ်ခြမ်း အရိုက်သမား မြတ်ကျော်ထွန်း(အား/ကာသိပ္ပံ၊ ရန်ကုန်)၊ စည်သူထွန်း (လဝက)၊ ဖြိုးဝေလှိုင်(ပို့ဆောင်ရေး)၊ ပြည့်ဖြိုးလှိုင်(လဝက)၊ ကျော်သူရ (ပို့ဆောင်ရေး)၊ ပင့်ထောင်ကစားသမား စံရွှေမောင်(ပို့ဆောင်ရေး)၊ လွမ်းမိုးအောင် (ကာကွယ်ရေး)နှင့် ချမ်းငြိမ်းသူ (လဝက)တို့ ဖြစ်ကြသည်။

အားကစားသမား အများစုသည် လူသစ်ကစားသမားများဖြစ်ပြီး စံရွှေမောင်တစ်ဦးသာ ၂၀၀၂ခုနှစ် အိန္ဒိယ ဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ဖူးသည်။ အသင်းကို ပြည်နယ်နှင့် တိုင်း၊ ဝန်ကြီးဌာနမှ ကစားသမားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ (ကြေးမုံ)

ကုန်အမှတ်တံဆိပ် ဆွေးနွေးပွဲကျင်းပ

ရန်ကုန် မေ ၁၀

ရန်ကုန်မြို့ရှိ Traders Hotel ကုန်းဘောင်-တကောင်း ခန်းမတွင် Branding Strategy ဆွေးနွေးပွဲကို မေ ၈ရက်က နံနက် ၁၀နာရီမှ ညနေ ၄နာရီထိ ကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာနမှ ပါမောက္ခ ဒေါက်တာခင်စန်းရီက ဦးဆောင်ဆွေးနွေးပြီး ဒေါက်တာအောင်ထွန်း (Today Group)၊ ဦးမြင့်သိန်း (Kleen Drinking Water)၊ ဦးသောင်းတင် (KMD)၊ Mr. Aryo Oetomo(Myanmar Sampoerna Tobacco) နှင့် ဒေါ်သီတာသန့် (New Link Co. Ltd)တို့ကလည်း လုပ်ငန်းအတွေ့အကြုံများပေါ်မူတည်ပြီး အသီးသီး ပါဝင်ဆွေးနွေးကြသည်။

ယခု ဆွေးနွေးပွဲကို တူဒေးစာအုပ်တိုက်၏ လစဉ်ထုတ်မဂ္ဂဇင်းတစ်စောင်ဖြစ်သည့် Executive စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်း၏ စီစဉ်မှု၊ Beautiful Island Co., Ltd၊ Sinma Furnishings Co., Ltd. နှင့် Today Publishing House Ltd ၏ ပံ့ပိုးမှုဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။ (က-ပ)

အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ ပထမနေ့ကျင်းပ

ရန်ကုန် မေ ၁၀

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်သည် ယနေ့ နံနက် ၉နာရီတွင် စိန်ရတုခန်းမ၌ ကျင်းပသော ၂၀၀၄ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ) ပထမနေ့အဖြစ် စတင်ကျင်းပရာသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးမျိုးညွှန့်နှင့် ဗိုလ်မှူးကြီးအောင်မျိုးမင်း၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် အဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်များ၊ ပါမောက္ခချုပ်များ၊ အထူးဖိတ်ကြားထားသူများနှင့် နှီးနှောဖလှယ်ပွဲ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ၂၀၀၄ခုနှစ် အမျိုးသားပညာရည် မြင့်မားရေးနှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ) အထူးလေးနှစ်စီမံကိန်းမတိုင်မီ နိုင်ငံတော်က ဆောင်ရွက်ခဲ့သည့် ပညာရေးမြှင့်တင်မှု အစီအစဉ်များကို ညှိနှိုင်းအကောင်အထည်ဖော်ကြရန် မှာကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းက အခြေခံပညာရေးဆိုင်ရာ ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည့် ယခုနှစ်တင်သွင်းမည့် စာတမ်းငါးစောင်နှင့်ပတ်သက်၍ စာတမ်းတစ်ခုချင်းအလိုက်ခေါင်းစဉ်များ၊ အဓိက ဆွေးနွေးရမည့်အချက်များကို မှာကြားသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်း အမှတ် (၁၃၄)နေ ဒေါက်တာဇော်ဝင်း- ဒေါက်တာ နွယ်သီဂီ၊ သမီး မယုသက်နွယ်၊ မစုသက်နွယ်မိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်လေးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးကြီး တင်သိန်းလွင်(ငြိမ်း)သို့ မေ ၃ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လောက်ကိုင်မြို့မှ စိုးမင်းထွန်း(ခ) ရန်ကျင်းဖူးအား ဘိန်းဖြူ ၅ ဒသမ ၄၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၇၈၀တို့နှင့်အတူ ဖမ်းမိစဉ်။ (သတင်းစဉ်)

လောက်ကိုင်၌ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

ရန်ကုန် မေ ၁၀

နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မူးယစ်(အထူး)တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)(ကိုးကန့်)မှ အဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂ရက်တွင် လောက်ကိုင်မြို့ အရှေ့ခြမ်း မြို့သစ်နေ ဦးသိန်းမောင်၏သား စိုးမင်းထွန်း (ခ) ရန်ကျင်းဖူး၏ နေအိမ်ကို သတင်းအရ ပိတ်ဆို့ရှာဖွေစစ်ဆေးခဲ့ရာ အိမ်ရှင် စိုးမင်းထွန်းအား ဘိန်းဖြူ ၅ ဒသမ ၄၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၇၈၀၊ မူးယစ်ဆေးဝါးရောင်းဝယ်ရာတွင် အသုံးပြုသည့် ချိန်ခွင်နှစ်ခု၊ အလေးနှစ်ခု၊ ငွေပြား ၁၆ပြားတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိတရားခံနှင့် မူးယစ်ဆေးဝါးများကို သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

မီးဘေးရှောင် မလောင်ခင်တား

ငယ်လို/ရောင်းလို/ငှားလိုသည်
ယုဇနဥယျာဉ်မြို့တော်ရှိ တိုက်ခန်းများနှင့် စစ်တောင်းအိမ်ရာတိုက်ခန်းများ ငယ်လို/ရောင်းလို/ငှားလိုပါသည်။
(၁)လမ်း တိုက်(၂၄)၊ ၀၀၃
Ph : 593131

FAME
Hepa-B®
အထူးအသည်းအားဆေး

မြန်မာ့တုန်းတာကုန်စည်ပြပွဲ ၂၀၀၄ ရန်ကုန် ကုန်သွယ်မှုဇဟိုဌာန၌ ကျင်းပမည်

ရန်ကုန် မေ ၁၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာ့တုန်းတာကုန်စည်ပြပွဲ ၂၀၀၄ကို မေ၁၉ ရက်မှ ၂၃ရက်အထိ ရန်ကုန်မြို့ အထက် ပုဇွန်တောင်လမ်းမရှိ ရန်ကုန်ကုန်သွယ်မှု ဇဟိုဌာနတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် Tone Tah Co., Ltd.မှ Pentel, Carl, Max, Midori, Sam Wang, Tae Yang, Hello Kitty, Comix, Helix Panaco အမှတ်တံဆိပ် ရုံးသုံး၊ ကျောင်းသုံး စာရေးကိရိယာအမျိုးမျိုး၊ My Shaldan, ARS, Kobayashi အမှတ်တံဆိပ် ကား၊ အိမ်ခန်းသုံး၊ ရေချိုးခန်းသုံးရေမွှေးများ၊ Oriental Koshin အမှတ်တံဆိပ် လယ်ယာစိုက်ပျိုးရေးသုံး ရေစုပ်ပန့်များ၊ Makita Maktec အမှတ်တံဆိပ် လက်သမားသုံး ပစ္စည်းများ၊ Turtle Wax, Soft 99 အမှတ်တံဆိပ် ကားပေါလစ်များ၊ WD-40 အမှတ်တံဆိပ် သံချေးချွတ်ဆေးများ၊ Granja, Kaaz အမှတ်တံဆိပ် မြက်ရိတ်စက်များ၊ V-Tech ကော်အမျိုးမျိုး၊ Stihl, Oleomac တံဆိပ် သစ်ဖြတ်စက်များ၊ Ercolina အမှတ်တံဆိပ် အလူမီနီယမ်လှေကားများ၊ Yamaha အမှတ်တံဆိပ် မီးစက်များ၊ Sanwa အမှတ်တံဆိပ် Multitester အမျိုးမျိုး၊ အင်ဂျင်အမျိုးမျိုးနှင့် Kyocera Mita အမှတ်တံဆိပ် မိတ္တူကူးစက်နှင့် Computer နှင့် Printer အပိုပစ္စည်းများကို Star Entertainment Co., Ltd. နှင့် ပူးပေါင်း၍ ကုန်ပစ္စည်းဆိုင်ရာ သရုပ်ပြပွဲများ၊ တေးဂီတဖျော်ဖြေပွဲများအပြင် Canon, Bagan Cyber tech, Myanmar Technology Gate Way, Soft Guide, FIT, Citicon, Smart Intellect, Martech Co.,Ltd, Fisca Enterprise, Myanmar Millennium Group, Systematic, T-Land, Lin Thu Zar, Spring Commercial Co., Ltd, NCTC Computer Co.,Ltd နှင့် Centillion Co.,Ltd တို့မှ Computer နှင့် Printer အပိုပစ္စည်းများကို ပြသမည်ဖြစ်ပြီး အထူးအစီအစဉ်အနေဖြင့် Bagan Cybertech မှ ပြပွဲကာလအတွင်း Internet ကို အခမဲ့သုံးစွဲခွင့်ပြုမည်ဖြစ်သည်။

Ngapali နှင့် Shwe Gabar Maung Maung, Naing Group Construction, Maung Maung Gyi Construction တို့မှ အဆင့်မြင့် အိမ်ရာစီမံကိန်း ပုံစံငယ်များကို လည်းကောင်း၊ Vector Co., Ltd, Radium Industry Co.,Ltd, Kol Global Co.,Ltd, UThan Ohn & Sons, RF Maung Maung, Honda UKhin Maung, Lu Lay Co.,Ltd., တို့မှ အင်ဂျင်၊ မီးစက်နှင့် စက်ပစ္စည်းအမျိုးမျိုး၊ Fresh Air Conditioners မှ လေအေးပေးစက်အမျိုးမျိုး၊ Win Garment, Mya Nady, Gent Garment, Latest Shirt, Style World, Hein Htoon Aung တို့မှ အသင့်ချုပ်ပြီး အဝတ်အထည်အမျိုးမျိုးကို လည်းကောင်း၊ Shwe Kabar မှ ကလစ်၊ ရင်ထိုးအမျိုးမျိုး၊ Win Family Industry Co., Ltd မှ ပန်းအလှပစ္စည်းအမျိုးမျိုး၊ Reva Co., Ltd နှင့် Shoe Studio တို့မှ ဖိနပ်အမျိုးမျိုး၊ Maruart Co., Ltd. (ကိုရီးယား ကြမ်းခင်း) Tricer Co., Ltd မှ ပလတ်စတစ်ပစ္စည်းအမျိုးမျိုး၊ သိမ်းနှင့်သားများမှ ဆေးရုံသုံးပတ်တီးလိပ်များ၊ Lone May, N.I.C.E, Shwe San Chaung, Myanmar Dairy Industries Ltd., Yadanar Myanmar Traditional Food Products, Star Croissant Bakery House, KTB & F, MAKRO Industry ငါးသေတ္တာ၊ ငရုတ်ဆီ၊ Moe Pyan Ananwa မှ စားသောက်ကုန်ပစ္စည်းများနှင့် စည်ကားသိုက်မြိုက်စွာ ပါဝင်ပြသသွားမည်ဖြစ်ပြီး KSW Light Truck, AMSS အောင်မြင်ရှမ်းစတား၊ KKK ကျားကိုးကောင်စက်မှုဇုန်များမှ ထုတ်လုပ်သော မော်တော်ကားများကိုလည်း ခင်းကျင်းပြသရောင်းချသွားမည့်အပြင် တုန်းတာကုမ္ပဏီပြခန်းများတွင် ကုန်ပစ္စည်းများကို ၁၀ရာခိုင်နှုန်းလျှော့၍ အထူးနှုန်းဖြင့် ရောင်းချပေးမည် ဖြစ်ကြောင်းလည်း သိရှိရသည်။

အထူးအစီအစဉ်အဖြစ် ပန်းချီရေးဆွဲပြိုင်ပွဲကို ဝဿန်မိုးရှုခင်းခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ရာ မေ ၁၇ ရက်နောက်ဆုံးထား၍ Tong Tah Co., Ltd. (Ph: 295613, 298128) သို့ စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း
Orientation Course For Engineering Management (04)
Course Curriculum
(1) MES Activities (10) Cost Estimating
(2) Role of the Young Engineers (11) Site Safety & Fire Prevention
(3) Electrical Sector in Myanmar (12) Electrical Safety
(4) Management (13) Awareness of ISO 9000 : 2000
(5) Management & Communication (14) Time Scheduling
(6) Essential Manager (15) Telecommunication in Myanmar
(7) Basic Accounting (16) Internet & E-mail
(8) Company Accounts (P&L) (17) Code of Conduct
(9) Planning & Resource Management (18) Manager's Checklist
(19) Facilities Management
MICT Park, အဆောက်အဦ(၆)၊ အခန်း(၅)၊ ပထမထပ်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ☎ 652294, 652295
သင်တန်းကာလ - (17.5.2004 to 28.5.2004)

ACECOMS Seminar 01/04
Seismic Evaluation and Performance Based Design of Buildings
Room 205, MICT Park, Yangon
May 13 to 14, 2004, 9:00 AM to 4:00 PM
Register at: Saw Htwe Zaw and Associates
169G, Pyay Road, 9 Miles, Mayangone, Yangon
sawhtwe@fortunemyanmar.com.mm
Phone: 650455, 722969, 09-5009356

DECO-LAND COMPANY LIMITED
DECO
ရွှေစင် လိုင်းထွန်းစက္ကူပုံး ပိန်းမိုးရေကာဖျင်စက်ရုံ



LAMINATED TARPAULIN
ပိန်းမိုးရေကာဖျင်အမျိုးမျိုး ဖြန့်ချိသည်။
OFFICE : NO. (144), U TA YUOAT GYI STREET, HALING-THAR-YAR INDUSTRIAL ZONE (4), HALING-THAR-YAR T/S, YANGON, MYANMAR.
TEL : 685064, 685218, 685279, 685319, 244007
FAX : 685235
E-mail : decoland@myanmar.com.mm

မွေးနေ့ဆုတောင်း
ချစ်သမီးလေးအေးရည်မွန်ကျော်(ထွေးလေး)ရဲ့ ၁၁-၅-၂၀၀၄ရက်နေ့မှာ ကျရောက်တဲ့ (၄)နှစ်မြောက်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ပျော်ရွှင်ချမ်းမြေ့မှုအပေါင်းနှင့်ပြည့်စုံပြီး လိမ္မာယဉ်ကျေးထူးချွန်ထက်မြက်သော သမီးကောင်းရတနာလေးဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်။
ဖေဖေ-ဗိုလ်မှူးကျော်ဆန်းဦး၊ မေမေ-ဒေါ်အေးအေးဝင်း
မမသိမ့်၊ မမငယ်။

ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့်ရိုးရာဓလေ့ဌာန
(SEAMEO Regional Centre for History and Tradition)
CHAT Communication in English Course
သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့်ရိုးရာဓလေ့ဌာန (SEAMEO Regional Centre for History and Tradition)၏ အစီအစဉ်ဖြင့် အောက်ပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

(က) **ဖွင့်လှစ်မည့်သင်တန်းများ** - CHAT Communication in English Course
i. Basic Level I Course
ii. Intermediate Level I Course
iii. Intermediate Level II Course
iv. Advanced Level I Course
v. Advanced Level II Course

(ခ) **ဖွင့်လှစ်ပို့ချမည့်သင်တန်းကာလ** - ၂၂-၅-၂၀၀၄ရက်နေ့မှ ၈-၈-၂၀၀၄ ရက်နေ့အထိ (၁၂)ပတ် (Basic I; Intermediate I; Intermediate II)
၂၂-၅-၂၀၀၄ရက်နေ့မှ ၅-၉-၂၀၀၄ ရက်နေ့အထိ(၁၆)ပတ် (Advanced I)
၂၀-၅-၂၀၀၄ရက်နေ့မှ ၅-၉-၂၀၀၄ ရက်နေ့အထိ (၁၆)ပတ်
(Advanced II) (Thur, Sat, Sun 7:00 to 9:00) (Sat, Sun 3:00 to 6:00)

(ဂ) **သင်တန်းဖွင့်လှစ်မည့်နေရာ** - ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့် ရိုးရာဓလေ့ဌာန၊ ပြည်လမ်း၊ ရန်ကုန်မြို့။

(ဃ) **သင်တန်းပို့ချမည့်နေ့နှင့်အချိန်** - Mon, Wed, Fri(7:00 to 9:00); (17:00 to 19:00)
Tue, Thur, Sat(7:00 to 9:00);(17-00 to 19:00)
Thur, Sat, Sun (7:00 to 9:00)
Sat, Sun(9:00 to 12:00);(12:00 to 15:00);(15:00 to 18:00)
တန်းခွဲတစ်ခုတွင် သင်တန်းသား(၃၀)ဦးသာ လက်ခံပါမည်။
ဦးရာလူစနစ်ဖြင့် လက်ခံပါမည်။

(င) **သင်တန်းဝင်ခွင့်အရည်အချင်း** - Basic Level I Course အတွက် အနိမ့်ဆုံး အခြေခံပညာအထက်တန်း သင်ယူပြီးမြောက်ခြင်း လက်မှတ်ရသူများ
- Intermediate Level I Course အတွက် Basic Level Course တက်ရောက် အောင်မြင်ပြီးသူများ
- Intermediate Level II Course အတွက် Intermediate Level I Course တက်ရောက် အောင်မြင်ပြီးသူများ
- Advanced Level I Course အတွက် Intermediate Level II တက်ရောက် အောင်မြင်ပြီးသူများ
- Advanced Level II Course အတွက် Advanced Level I တက်ရောက်အောင်မြင်ပြီးသူများ၊

(စ) **လျှောက်လွှာစတင်လက်ခံမည့်ရက်** - ၁၈-၅-၂၀၀၄(ဓာတ်ပုံ၂ပုံနှင့် အောင်လက်မှတ်များယူဆောင်လာရန်)

(ဆ) **လျှောက်လွှာပိတ်မည့်ရက်** - ၂၀-၅-၂၀၀၄

၂။ Advanced Level II Course ကို စာမေးပွဲ ဖြေဆိုအောင်မြင်ခဲ့ပြီး သတ်မှတ် သင်တန်းချိန်ပြည့်မီအောင် တက်ရောက်ထားသူများအား Diploma လက်မှတ်ပေးအပ်ပါမည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့်ရိုးရာဓလေ့ဌာန၊ ပြည်လမ်း၊ ရန်ကုန်မြို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(ဖုန်း-၅၁၅၁၈၀၊ ၅၃၉၇၀၈)

Y.E.S.
Basic Spoken English MAY -10, 17,24
Pre-Intermediate English MAY - 4, 17
Intermediate English & IELTS MAY-17,22
TOEFL & Basic Writing Course MAY-10,17
VEC,GFC,AWC,SAT (II)/AE,SAT(I) MAY-4
B.S.E Conversation Club
No.119, Y.W.C.A Building, Bogalayzay Street, Botataung TSP.
245821

PACIFIC DIGITAL PHOTO SERVICE
ဖလင်(၃)လိပ်ကူးလျှင် ဖလင်အသစ်(၁)လိပ် လက်ဆောင်ပေးမည်။
PC ရိုးရိုး 50/- ကျပ် Digital PC 65/- ကျပ်
(4" x 6") ရိုးရိုး 70/- ကျပ် Digital (4" x 6") 85/- ကျပ်
အထူးအစီအစဉ်ဖြင့် Digital Camera မှ (4" x 6") တစ်ပုံလျှင် (100/-)ကျပ်
1st May 2004 မှ 15th May 2004 ထိ ရက်တိုးမြှင့်ပါသည်။
(၁) အမှတ်-၁၈၅/၁၈၇၊ အနော်ရထာလမ်း၊ ရန်ကုန်မြို့။
☎ : ၂၈၅၄၁၅၊ ၂၄၁၀၇၃၊ ၃၈၃၄၀၆
(၂) အမှတ်-၁၇၉၊ အနော်ရထာလမ်း (၃၃ လမ်းထောင့်)၊ ရန်ကုန်မြို့။
(၃) အမှတ်-၅၇၃၊ မဟာဗန္ဓုလလမ်း (၃၂ လမ်းထောင့်)၊ ရန်ကုန်မြို့။

EXAMPLEZ
တမ်းတမ်းတတ ... ချစ်ခဲ့လို့

tape,cd ထွက်ပြီ
tape,cd ဝယ်ယူသူများ examplez အဖွဲ့ပါသော သီချင်းစာအုပ် လက်ဆောင်ပေးပါသည်

မီးပြစံပြကျေးရွာ၊ ကမာကလုတ်စံပြကျေးရွာနှင့် ချောင်းကူးတံတားဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး တက်ရောက်ဖွင့်လှစ်

ရန်ကုန် မေ ၁၀

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မီးပြစံပြကျေးရွာ၊ ကမာကလုတ်စံပြကျေးရွာနှင့် ကော့ဒွန်းချောင်းကူးတံတားဖွင့်ပွဲ အခမ်းအနားများကို မေ ၆ ရက် နံနက်ပိုင်းတွင် အဆိုပါကျေးရွာများနှင့် ကော့ဒွန်းတံတားတို့၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးတို့ တက်ရောက် ဖွင့်လှစ်ပေးကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မီးပြစံပြကျေးရွာ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၆ နာရီခွဲတွင် အဆိုပါ စံပြကျေးရွာ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးက မီးပြစံပြကျေးရွာကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက မီးပြစံပြကျေးရွာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် မီးပြစံပြကျေးရွာ စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်း စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးကြဲတိုင်းဆောင်နှင့် စက်ရေတွင်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးလှခိုင်တို့က မီးပြစံပြကျေးရွာ စက်ရေတွင်းကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် မီးပြစံပြကျေးရွာ စက်ရေတွင်းကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် မီးပြစံပြကျေးရွာ ပျိုးခင်းသစ် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ကျောက်တန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်နှင့် ပျိုးခင်းသစ် စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်ထွန်းတို့က ပျိုးခင်းသစ်စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် ပျိုးခင်းသစ် စာကြည့်တိုက်အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေး၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ပျိုးခင်းသစ်စာကြည့်တိုက် အတွက် စာအုပ်များပေးအပ် လှူဒါန်းရာ ပျိုးခင်းသစ် စာကြည့်တိုက် ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးစိန်ထွန်းက လက်ခံရယူသည်။

ထို့နောက် မီးပြစံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ မူလတန်းကြိုကျောင်း ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးနှင့် ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မူမူဆွေတို့က မူလတန်းကြိုကျောင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့က မူလတန်းကြိုကျောင်းအတွင်း ကြည့်ရှုစစ်ဆေး၍ ရင်သွေးငယ်များအား ကစားစရာအရုပ်များနှင့် စားစရာမုန့်များ ဝေငှပေးသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များသည် မီးပြစံပြကျေးရွာ ရွှေဘုံသာစေတီတော်အား ဖူးမြော်ကြည်ညိုပြီး စေတီတော်ရင်ပြင်ရှိ အာရုံခံတန်ဆောင်းတွင် ကျောင်းသစ် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဒေဝိန္ဒအမှူးပြုသော ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များသည် မီးပြစံပြကျေးရွာ ရွှေဘုံသာစေတီတော်ကို လှည့်လည်ကြည်ညိုပူဇော်ပြီး ဘက်စုံပြုပြင်မွမ်းမံနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များသည် မီးပြစံပြကျေးရွာ ကျေးလက် ကျန်းမာရေးဌာနကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျောက်တန်းမြို့နယ် ဖွဲဘာကုန်းတန်းကျေးရွာ အနီးရှိ ကော့ဒွန်းချောင်းကူး ကွန်ကရစ်တံတား ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရက နိုင်ငံတော်အတွင်းရှိ နယ်စပ်ဒေသ အပါအဝင် ဒေသများအားလုံး နေရာလပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရန် ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု သတ်မှတ်ပြီး ဆောင်ရွက်နေမှုများ၊ ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ နိုင်ငံတော်တစ်ဝန်းလုံး လမ်း၊ တံတားများ တည်ဆောက်ပေးနေမှုများ၊ ရန်ကုန် တောင်ပိုင်းခရိုင်အတွင်းရှိ ကျေးရွာများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် ကျေးရွာ ချင်းဆက်လမ်းများ၊ ချောင်းကူး တံတားကြီးများ တည်ဆောက်ပေးနေမှုများကို ဒေသခံပြည်သူများက မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်တည်တံ့ခိုင်မြဲစေရန် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရေးတို့ကို မှာကြားသည်။

ထို့နောက် ဒေသခံပြည်သူများ ကိုယ်စား ကျောက်တန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း တွဲဖက်အတွင်းရေးမှူး ဦးသန်းဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်နှင့် ရန်ကုန်တောင်ပိုင်း ခရိုင်ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူး ဦးမြသက်အောင်တို့က ကော့ဒွန်းချောင်းကူး ကွန်ကရစ် တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများသည် ကော့ဒွန်း ချောင်းကူးတံတားကို ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါ ကော့ဒွန်းချောင်းကူး တံတားသည် အရှည် ၁၁၀ ပေ၊ အကျယ် ၁၃ ပေရှိပြီး တံတားကြီး ပြီးစီး သွားသဖြင့် ကျောက်တန်းမြို့နယ် ပန်းတောမီးပြ၊ ဖွဲဘာကုန်းတန်း၊ ကုလားတန်း၊ ရှမ်းချောင်း၊ မရမ်းဘေး၊ ပုတ္တလုတ်၊ တံတား၊ ခနော်၊ မင်္ဂလွန်၊ ကမာကလုတ်၊ ပန်းတောကျေးရွာ များသို့ မော်တော်ယာဉ်ဖြင့် သွားလာ နိုင်ပြီဖြစ်သည်။

ဆက်လက်၍ ရန်ကုန်တောင်ပိုင်း ခရိုင် ကျောက်တန်းမြို့နယ် ကမာက လုတ်စံပြကျေးရွာ ဖွင့်ပွဲအခမ်းအနား ကို အဆိုပါ ကျေးရွာထိပ်၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီ နာယကဒေါ်ခင်သက်ဌေးက ကမာက လုတ်စံပြကျေးရွာကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ က ကမာကလုတ် စံပြကျေးရွာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ် ပေးသည်။

ယင်းနောက် ကမာကလုတ် စံပြ ကျေးရွာ စက်ရေတွင်းဖွင့်ပွဲ အခမ်း အနားကိုကျင်းပရာ ကျောက်တန်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်တင်နှင့် အုတ်ရေကန်အလှူရှင် ဦးမိုးညိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ နှင့်အဖွဲ့ဝင်များသည် ကမာကလုတ် စံပြကျေးရွာ စက်ရေတွင်းကို ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် ကမာကလုတ် စံပြ ကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက် ရေးအသင်းခွဲ မူလတန်းကြို ကျောင်း ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ ရန်ကုန် တိုင်း မိခင်နှင့်ကလေး စောင့်ရှောက် ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင် သက်ဌေးက မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းကြီး ၏ ရှေ့လုပ်ငန်းစဉ်များကို အကောင် အထည်ဖော် ဆောင်ရွက်နေမှု များနှင့် ပတ်သက်၍ရှင်းလင်းပြောကြားသည်။

ထို့နောက် ကမာကလုတ် စံပြ ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက် ရေး အသင်းခွဲဥက္ကဋ္ဌ ဒေါ်ခင်ဌေးရီက မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင် အဆိုပြုလွှာများကို ပေးအပ် ရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က လက်ခံရယူသည်။

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ၊ တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် ကမာ ကလုတ်စံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခွဲဥက္ကဋ္ဌ ဒေါ်ခင်ဌေးရီတို့က မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ မူလတန်း ကြိုကျောင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ် ပေးကြသည်။

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှု ကော်မတီနာယက ဒေါ်ခင်သက်ဌေး နှင့် အဖွဲ့ဝင်များက မူလတန်းကြို ကျောင်းမှ ရင်သွေးငယ်များအား ကစား စရာအရုပ်များ ဝေငှပေးအပ်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ နှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့သည် ကမာကလုတ်စံပြကျေးရွာ စာကြည့် တိုက်အား ကြည့်ရှုစစ်ဆေးကြပြီး စာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းရာ ကမာကလုတ် စံပြကျေးရွာများမှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင် ဦးဟန်စိုးက လက်ခံရယူ သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ကျောက်တန်းမြို့နယ် ကော့ဒွန်း ချောင်းကူး ကွန်ကရစ် တံတား ဖွင့်ပွဲ အခမ်းအနားတွင် တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုစဉ်။ (ရကတ)

မြသိန်းတန်ဆရာတော် မွေးနေ့အလှူနှင့် ဇရပ်ရေစက်ချပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် မြသိန်းတန် ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက အဂ္ဂမဟာဂန္ထ ဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ ကောသရ (ပခုက္ကူ အရှင်ကောသရ၊ ဒဂုံဝတ်မှုံ၊ ခိုင်ရွှေဝါ၊ ခိုင်ရွှေကြာ)၏ (၇၈)နှစ် မြောက် မွေးနေ့မင်္ဂလာနှင့် ဆင်ချောင်း သာလာအေးရိပ်သာ ဇရပ်ရေစက်ချ ပွဲ အခမ်းအနားကို မကွေးတိုင်း ရေစကြို မြို့နယ် ဆရာတော်၏ မွေးရပ်ဇာတိ စည်သာစံပြကျေးရွာ ဥတ္တရာ ရာမ အသော ကာရာမ ကျောင်းတိုက်ကြီး၌ မေ ၂ ရက် နံနက် ၈ နာရီတွင် ကျင်းပ သည်။

အခမ်းအနားတွင် အခမ်းအနားမှူး အဖြစ် အညာမြေသန်းအောင်က ဆောင်ရွက်ပြီး အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ် ပြီး ဆရာတော်ထံမှ ငါးပါးသီလခံ ယူကြသည်။

ဆရာတော်ကြီး၏ မွေးနေ့မင်္ဂလာ အခမ်းအနားတွင် စာရေးဆရာ ဒေါက်တာသက်လွင်က "ကျွန်တော့် ရဲ့စာပေ"နှင့် တိုင်းရင်းဆေးသုတေသီ မကွေးဝင်းမြင့်က "မအိုဆေးသောက် သူ မိတ်ဆွေများ"ခေါင်းစဉ်ဖြင့် မြန်မာ့ တိုင်းရင်းဆေးတို့ အကြောင်းတို့ကို လည်းကောင်း စာပေရေးရာများ အသီးသီးဟောပြောကြသည်။

ထို့နောက် မြသိန်းတန်ဆရာတော် ဘဒ္ဒန္တကောသရ၏ ထေရုပ္ပတ္တိကို နံ့သာ မြေ မောင်ပြေသင်းက ရွတ်ဖတ်ပူဇော် ပြီး ပင့်သံဃာတော် ၂၅ ပါးတို့အား ဆရာတော် ကိုယ်စား စာရေးဆရာများ၊ တပည့် ဒါယကာ၊ ဒါယိကာမများက လှူဖွယ်ပစ္စည်းများကို ဆက်ကပ်ကြပြီး သံဃာတော်များက မေတ္တာသုတ်ပရိတ် များ ချီးမြှင့်ကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (က-ပ)

တကောင်းမြို့ လေးမျက်နှာဘုရားကြီး ပြန်လည်ပြုပြင်တည်ဆောက်ရန် အလှူငွေပေးအပ်

ရန်ကုန် မေ ၁၀

မန္တလေးတိုင်း တကောင်းမြို့ ရှေးဟောင်းလေးမျက်နှာဘုရားကြီး ပြန်လည် ပြုပြင်တည်ဆောက်နိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို မေ ၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးရုံး ဧည့်ခန်းမဆောင်၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် တက်ရောက်၍ လက်ခံသည်။

အဆိုပါ အလှူငွေပေးအပ်ပွဲ အခမ်း အနားသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ အနုပညာဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဦးကျော်ဝင်း၊ ရှေးဟောင်း သုတေသန ဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူးချုပ် (အောက်မြန်မာပြည်) ဦးထွန်းဇော်၊ ယဉ်ကျေးမှုဗိမာန် ဦးစီး ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ကြိုင်၊ ရှေးဟောင်းသုတေ သန ဦးစီးဌာန ညွှန်ကြားရေးမှူး(စီမံ) ဦးစိန်ဝင်း၊ ဝန်ကြီးရုံး ရုံးအဖွဲ့မှူး ဗိုလ်မှူး ဌေးလှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိ သူများ၊ အလှူရှင် ဆရာတော် H.H.The 6th Jamseng Rinpoche Losang Choekye Pelden တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် စင်ကာပူနိုင်ငံ Gelugpa Buddhist Centre မှ ဆရာတော် H. H. The 6th Jamseng Rinpoche Losang Choekye Pelden က အလှူငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်ချုပ် ကြည်အောင်က လက်ခံ၍ ဂုဏ်ပြု မှတ်တမ်းလွှာကို အလှူရှင်ဆရာတော် ထံ ပြန်လည်ဆက်ကပ်သည်။

ထို့နောက် ဝန်ကြီးက လှူဒါန်းမှု အစုစုအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

(သတင်းစဉ်)

စာအောင်သာသနာ့ အာဇာနည်များ ချီးကျူးပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၀

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးနှစ်ပါး၊ တိပိဋကရေ၊ တိပိဋက ကောဝိဒ ရွေးချယ်ရေးအဖွဲ့မှ ဆရာတော်ကြီးနှစ်ပါး၊ တိပိဋကရေ၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးခြောက်ပါးတို့အား ပင့်ဖိတ်၍ တိပိဋကဓမ္မရက္ခိတအဖွဲ့၏ ပစ္စည်းလေးပါးကို အလှူခံတော်မူလျက် (၅၆)ကြိမ်မြောက် တိပိဋကရေ စာမေးပွဲတွင် ဖြေဆိုအောင်မြင်တော်မူကြသော သာသနာ့အာဇာနည်စာအောင်သံဃာတော် အရှင်သူမြတ် ၃၈ ပါးနှင့် သာမဏေမြတ်နှစ်ပါးတို့အား ချီးကျူးပူဇော်ပွဲ အခမ်းအနားကို မေ ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ အမှတ်(၁၅)ရှိ တိပိဋကဓမ္မရက္ခိတအဖွဲ့ ဗိမာန်တော်တွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများ တိပိဋကဓမ္မရက္ခိတအဖွဲ့ ဖုန်း-၃၈၂၁၁၁၊ ၂၄၈၂၂၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အရာတော်မြို့နယ် တိုင်းရင်းဆေးပညာ သိကောင်းစရာ ဟောပြော

ဇီးကုန်း (ထန်းတပင်) မေ ၃

စစ်ကိုင်းတိုင်း အရာတော်မြို့နယ် တိုင်းရင်းဆေးကုဌာနမှ မြို့နယ် တိုင်းရင်းဆေးမှူး ဆရာမ ဒေါ်တင်နန်းနွယ် ဦးဆောင်သော တိုင်းရင်းဆေးကုသရေး အဖွဲ့သည် အရာတော်မြို့နယ် ကမ်းဖြူကျေးရွာတွင် ဧပြီ ၂၇ ရက်နှင့် ၂၈ရက်တွင် လူနာ ၈၇ ဦးတို့အား အကြော၊ မီးယပ်၊ သူငယ်နာရောဂါတို့ကို အထူးပြုကုသပေးခဲ့သည်။

ထို့နောက် တိုင်းရင်းဆေးပညာ အကြောင်း သိကောင်းစရာများကိုလည်း ဟောပြောခဲ့ကြောင်း သိရသည်။ **(၂၁၆)**

မြို့နယ် သတင်းများ

ရုံးကျေးရွာ၌ အလှူရှင်စက်ရေတွင်းဖွင့် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်ပြီ

ကျောက်ပန်းတောင်း မေ ၆

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ရုံးကျေးရွာ အလှူရှင် စက်ရေတွင်းဖွင့်ပွဲကို မေ ၃ ရက်က ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၊ စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်၊ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှ၊ မြင်းခြံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

သုံးစွဲနိုင်

စက်ရေတွင်းမှာ ရန်ကုန်မြို့နေ အလှူရှင် ဦးတင်ထွဋ်-ဇနီး ဒေါ်သင်းမြတ်မြတ်ဝင်း မိသားစု၏ လှူဒါန်းငွေကျပ် သိန်း ၂၀၊ နိုင်ငံတော်ထောက်ပံ့ငွေ ကျပ် ၉၅ သိန်း စုစုပေါင်း ကျပ် ၁၁၅ သိန်းကုန်ကျပြီး စက်ရေတွင်းမှာ လေးလက်မ စက်ရေတွင်း အမျိုးအစားဖြစ်ပြီး အနက်ပေ ၁၀၈၀၊ ရေထွက်နှုန်း တစ်နာရီ ဂါလန် ၂၀၀၀ ထွက်ရှိသဖြင့် ရုံးကျေးရွာရှိ အိမ်ခြေ ၁၆၀၊ လူဦးရေ ၇၇၈ ဦးနှင့် ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ပြီဖြစ်သည်။

ရေပေးဝေ

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် ရေနံချောင်းမြို့ မြို့ရေပေးရေး စက်ရုံကို စစ်ဆေးရာ မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက မြို့နှင့် လေးမိုင်ခန့်အကွာ ပင်းချောင်းအနီး ရေစိမ့်တွင်း ငါးတွင်းမှ ရေတင်ပန့်နှစ်လုံးဖြင့် ရေဂါလန်ခြောက်သိန်းခန့်ကို မြို့ပေါ်ရပ်ကွက် ၁၄ ရပ်ကွက်သို့ အလှည့်ကျစနစ်ဖြင့် ရေပေးဝေမှုများအား ရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)

တောင်ဇောင်ချမ်းကုန်းကျေးရွာ စက်ရေတွင်းဖွင့်

ဝမ်းတွင်း မေ ၅

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ရွာတန်းကျေးရွာအုပ်စု တောင်ဇောင်ချမ်းကုန်းကျေးရွာ စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို မေ ၂ ရက်က ကျင်းပသည်။

အဆိုပါ စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားတွင် ဝမ်းတွင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောထွန်းစိန်တို့က စက်ရေတွင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(အောက်ပုံ)

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေဖြင့် စက်ရေတွင်း သုံးတွင်း၊ လက်နှိပ် တုံကင်တွင်း ၃၃ တွင်း၊ အလှူရှင် စက်ရေတွင်းနှစ်တွင်းတို့ကို ကျေးရွာ ၃၈ ရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

တနိုင်း-မိုင်းခွန်း ကျေးလက်ကျောက်ချောခင်းလုပ်ငန်းအတွက် အဖွဲ့ဝန်ထမ်းများက မြေသားပြုပြင်ခြင်း၊ တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၄ ရက်က အမှုဆောင်အရာရှိ ဦးသောင်းမြင့်၊ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနေလင်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့် အလှူရှင်များက စာအုပ်မျိုးစုံလှူဒါန်း

ရေစကြို မေ ၄

ရေစကြိုမြို့နယ် မြေဖြူကျင်းကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲနှင့် စာအုပ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၂၃ ရက်က အဆိုပါ စာကြည့်တိုက်အဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်စိုးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဦးတင်အောင်ခိုင်က ကျေးရွာတိုင်း စာကြည့်တိုက်များ ဖွင့်လှစ်၍ ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းဆိုင်ရာများကို ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးတင်အောင်ခိုင်က စာအုပ်မျိုးစုံ အုပ် ၅၀ ကို လည်းကောင်း၊ နယ်မြေရဲကင်းမှူး တပ်ကြပ်မြဝင်းက စာအုပ်မျိုးစုံ ၂၅ အုပ်ကို လည်းကောင်း၊ ရေစကြိုမြို့နေ ဦးညိုအေး-ဒေါ်ကြင်စိန်မိသားစုက စာအုပ်မျိုးစုံ အုပ် ၂၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ်ပြန်/ဆက်)**

နောင်ချို ရေထွက်ကန်များ စုပေါင်းသန့်ရှင်း ရေပေးရေးလုပ်ငန်း စနစ်ကျရေး ဆွေးနွေး

နောင်ချို မေ ၆

ရှမ်းပြည်နယ်မြောက်ပိုင်းနောင်ချိုမြို့တွင်းသို့ ဖြန့်ဖြူးပေးဝေနေသည့် နောင်ချိုမြို့ တောင်ရပ်ကွက်အတွင်းရှိ ဦးကျော်ရေထွက်ကန်နှင့် ဒေါ်အေးလှရေထွက်ကန်တို့တွင် ဧပြီ ၂၉ ရက် နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်နု၊ တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းဝင်းမောင်တို့ ကြီးကြပ်ကာ မြို့နယ်စည်ပင်ဝန်ထမ်းများက ရေကန်အတွင်း ကျရောက်နေသည့် သစ်ရွက်များ၊ ရေကန်ပေါင်ပေါ်မှ မြက်ပင်များအား စုပေါင်းရှင်းလင်းကြသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်နုနှင့် တာဝန်ရှိသူများသည် မတ် ၂၄ ရက်က ဖွင့်လှစ်ပြီးခဲ့သော ကျောက်တောကျေးရွာတွင် တစ်နာရီ ဂါလန် ၂၅၀၀ ထွက် ကျေးလက် ရေပေးရေး ရေကန်ကို သွားရောက်ကြည့်ရှုကြပြီး ရေပေးဝေရေးလုပ်ငန်း စနစ်တကျရှိရေးဆွေးနွေးကာ ရေကန် အမြဲစိမ်းလန်းစိုပြည်သာယာရေးအတွက် သစ်ပင်များစိုက်ပျိုးရန် မြေနေရာများ သတ်မှတ်ရွေးချယ်ပေးကြောင်းသိရသည်။ **(၂၄၂)**

မျိုးဆက်ပွားကျန်းမာရေးစီမံချက် ပညာပေးဆင့်ပွားဆွေးနွေးပို့ချ

ဒိုက်ဦး မေ ၇

ဒိုက်ဦးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ မျိုးဆက်ပွားကျန်းမာရေး ပညာပေး ဆွေးနွေးပို့ချသည့် အခမ်းအနားကို မေ ၅ ရက် ညနေ ၄ နာရီက အမှတ်(၅)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်း၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိန်နှင့် ကောင်စီဝင်များ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနာယက ဒေါ်ခင်ဝင်းနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာအတွင်းရှိ သင်တန်းသား ၁၅၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိန်နှင့် မြို့နယ် မိခင်နှင့်ကလေး အသင်းဥက္ကဋ္ဌ ဒေါ်တင်တင် **(အောက်ပုံ)** တို့က အမှာစကားပြောကြားပြီး မျိုးဆက်ပွား ကျန်းမာရေး ပညာပေးဆွေးနွေးပို့ချချက်ကို အဖွဲ့ခေါင်းဆောင် ဒေါ်အေးမြင့်တင်နှင့် အဖွဲ့က ရုပ်ပုံကားချပ်များဖြင့် သရုပ်ပြ ရှင်းလင်းပို့ချကြသည်။ **(၁၃၀)**

ပျိုးပင်စိုက်ပျိုး သန့်ရှင်းရေးဆောင်ရွက်

ရွှေဘို မေ ၃

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် အပတ်စဉ် စနေနေ့တိုင်း အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ရွှေဘိုမြို့ ရန်ကြီးအောင်ပန်းခြံအတွင်းရှိ ပျိုးဥယျာဉ်တွင် ပျိုးပင်များ စိုက်ပျိုးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများကို ဧပြီ ၂၄ ရက် နံနက်က ဆောင်ရွက်ကြကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

ကချင်ပြည်နယ် မိုးညှင်းမြို့ နန့်ရင်းချောင်းကူး ကိုယ့်အားကိုယ်ကိုး နှောင်စွန်း ဘေလီတံတားကို စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူတို့ ပူးပေါင်းတည်ဆောက် လျက်ရှိရာ ဧပြီ ၂၄ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးတင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မျိုးထွေးတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။

(ပြည်နယ်စည်ပင်)

ရန်ကုန်တိုင်း သုံးခွမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက် ခြောက်ရပ်ကွက်သို့ ရေပေးဝေနေသော ၃၁ ကေရှိ ရေကန်ကြီးကို ရေထပ်မံ သိုလှောင်နိုင်ရန်အတွက် ဧပြီ ၂၅ ရက်က စက်ယန္တရားဖြင့် ထပ်မံ တူးဖော်လျက်ရှိရာ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြံတိုင်းဆောင် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဇန်းမောက်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး ကျန်းမာရေးနှင့် အမျိုးသမီးရေးရာများ ဟောပြော

ဇန်းမောက်　　မေ　　၃

ဇန်းမောက်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ကြီးမှူးလျက် ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောပွဲကို ဧပြီ ၃၀ ရက်က မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကသာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးဌေးညွန့်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ အမှုဆောင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးဌေးညွန့်က အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန် ဒေါက်တာအောင်သိန်းက ကျန်းမာရေး ပညာပေးဟောပြောပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြသိန်းက အမျိုးသမီးရေးရာ အဖွဲ့အဆင့်ဆင့် ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းတာဝန်များကို ဟောပြောကြသည်။ **(မြို့နယ်ပြန်/ဆက်)**

ဘဝတန်ဆောင် စာကြည့်တိုက်ဖွင့် စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

ရေစကြို မေ ၆

ရေစကြိုမြို့နယ် ကျောက်ဖူးကျေးရွာ "ဘဝတန်ဆောင်" ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၂၃ ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်အောင်ခိုင်၊ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘသင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်စိုးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဦးတင်အောင်ခိုင်က စာအုပ်မျိုးစုံ ၅၀ ကိုလည်းကောင်း၊ နယ်မြေရဲကင်းမှူး တပ်ကြပ်မြဝင်းက စာအုပ်မျိုးစုံ ၂၅ အုပ်ကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

(မြို့နယ်ပြန်/ဆက်)

မီးသတ်သင်တန်းဆင်း လက်တွေ့သရုပ်ပြ

လှည်းကူး မေ ၅

လှည်းကူးမြို့မဈေးကြီး အရန်မီးသတ်သင်တန်းဆင်းပွဲနှင့် မီးငြှိမ်းသတ်မှု လက်တွေ့သရုပ်ပြပွဲကို ဧပြီ ၂၇ ရက် ညနေပိုင်းတွင်ပြုလုပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ရဲမင်းနှင့် မြို့နယ်ဌာနဆိုင်ရာများ၊ ဈေးသူ၊ ဈေးသားများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသားများ တက်ရောက် ပြီး လက်တွေ့မီးငြှိမ်းသတ်မှု လေ့ကျင့်သရုပ်ပြကြသည်။

(အောက်ပုံ) **(မြို့နယ်စည်ပင်)**

မြို့နယ် သတင်းများ

ဖဲကြိုးဖြတ်ဖွင့်

သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲဖွင့်ပွဲကို မတ် ၂၇ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံး၌ ကျင်းပရာ သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးမျိုးအောင်၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းစိန်လင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးစိုင်းသာလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၂၄၇)

ညောင်ဦးမြို့နယ် မိခင်နှင့်ကလေးအသင်း စက်ချုပ်သင်တန်း ဖွင့်ပွဲကျင်းပ

ညောင်ဦး မေ ၃

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် ညောင်ဦးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အမှုဆောင်များနှင့် အသင်းသူ၊ အသင်းသားများက ဧပြီ ၃၀ ရက် နံနက်တွင် မြို့ပေါ်ရပ်ကွက်များရှိ သက်ကြီးရွယ်အို ဘိုးဘွားများအား အလှူငွေ ပေးအပ်လှူဒါန်းခြင်းနှင့် ကြာဆံဟင်းခါး တိုက်ကျွေးခြင်းတို့ဖြင့် ဒါနပြုလုပ်ကြသည်။

ထို့နောက် ညောင်ဦးမြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးသည့် (၁/၂၀၀၄) စက်ချုပ်သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပရာ အသင်းနာယက ဒေါ်အေးအေးက အမှာစကားပြောကြားသည်။ ဆက်လက်၍ အသင်းအတွင်းရေးမှူး ဒေါ်မြင့်မြင့်သန်းက ဘိုးဘွားများအား ဒါနပြုလုပ်ရခြင်း အကြောင်းနှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။ အဆိုပါ သင်တန်းတွင် သင်တန်းသူ ၃၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လဖြစ်ကြောင်းသိရသည်။

(အပေါ်ပုံ) (၉၁)

အခြေခံပညာ မူလတန်းလွန်ကျောင်းဖွင့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်

ဂန့်ဂေါ　မေ　၆

အခြေခံပညာ မူလတန်းလွန်ကျောင်းဖွင့်ပွဲနှင့် ငွေကျပ်သိန်း ၇၀ တန် ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဧပြီ ၂၉ ရက်က ဂန့်ဂေါမြို့နယ် ထယ်လှော်ရွာ ကျောင်းဆောင်သစ်၌ ကျင်းပရာ ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှဆွေနှင့် အမှတ်(၂) အခြေခံပညာဦးစီးဌာန ဂန့်ဂေါမြို့နယ် ပညာရေးမှူး ဦးဆန်လုံးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

လွှဲပြောင်းပေးအပ်

ဖွင့်ပွဲတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေနှင့် မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်တို့က အမှာစကားပြောကြားကြပြီး ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ကျောင်းဆောင် ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌက မြို့နယ်ပညာရေးမှူးသို့ လွှဲပြောင်းပေးအပ်သည်။

(၄၆၅)

ကျေးရွာသုံး သစ်တောစိုက်ခင်း စိုက်ပျိုးပျိုးပင်များ မြို့နယ်လူထုသို့ ဖြန့်ဝေပေး

နွားထိုးကြီး　မေ　၂

နွားထိုးကြီးမြို့နယ် သစ်တောဦးစီးဌာနက ကျေးရွာသုံး သစ်တောစိုက်ခင်းများကို နှစ်စဉ်စိုက်ပျိုးနေရာ ၂၀၀၄ ခုနှစ်တွင် စိုက်ခင်း ဧက ၂၀ ကို ဆီနီဂေါ်ရှားပင် ခြောက်ထောင်စိုက်ပျိုးကြမည်ဖြစ်သည်။ ယင်းရှားပင်များကို စကြာအောင်၊ အပထော၊ ခံစပ်ကုံးရွာအနီး အကောင်အထည်ဖော်မည် ဖြစ်သည်။

အသစ်တူး

မိုးကျအမီ စိုက်ပျိုးရန် မြို့နယ်သစ်တောဦးစီးမှူး ဦးမိုးလွင်ဦးဆောင်၍ မင်းစုံတောင် သစ်တောဥယျာဉ်တွင် ပျိုးပင်များ ပျိုးထောင်စိုက်ပျိုးထားပြီး စိုက်ကျင်းများ အသစ်တူးပြီးဖြစ်ကြောင်း သိရသည်။

ဖြန့်ဝေစိုက်ပျိုး

အလားတူပင် ၂၀၀၄ ခုနှစ်အတွင်း သစ်ဆိမ့်ပျိုးပင် သုံးသောင်းနှင့် အခြားအရိပ်ပျိုးပင် တစ်သောင်းကိုလည်း မြို့နယ်သစ်တောဦးစီးဌာနက မြို့နယ်လူထုသို့ ဖြန့်ဝေစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

(၉၅)

မော်လမြိုင်ကျွန်းမြို့နယ် သူရဲချောင်းကျေးရွာနေ ဦးမောင်ကြည်-ဒေါ်ကျင်အေးမိသားစုက ဆောက်လုပ်လှူဒါန်းသော ငွေကျပ်သိန်း ၃၀ ကျော်တန် သူရဲချောင်းကျေးရွာ ချောင်းကူးပြည့်ဖြိုးသာ တံတားသစ်ဖွင့်ပွဲကို ဧပြီ ၂၇ ရက်က ပြည့်ဖြိုးသာ တံတားသစ်၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဆန်းဗိုလ်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးလှညိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၃၆၄)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

တနင်္သာရီတိုင်း၊ ပုလောမြို့နယ်၊ (၃)ရပ်ကွက်၊ မြသီတာလမ်းနေ
ဒေါ်အေးတင်၊ ဒေါ်စောရှင်တို့၏တူ၊ ဦးကျော်မြင့်-ဒေါ်ခင်သန်း
တို့၏သားထွေး

မောင်ရန်နိုင်

B.Com(Q), C.P.A Part (I)

နှင့်

စစ်ကိုင်းတိုင်း၊ ကသာမြို့နယ်၊ ကျောက်ထုံးကြီးနေ
ဦးနေလှိုင်-ဒေါ်ငြိမ်းအေးတို့၏ပထမသမီး

မစိုးယုလှိုင်

B.Econ(Q),M.Econ Part(I)

(နည်းပြ၊ စီးပွားရေးပညာဌာန၊ ဒဂုံတက္ကသိုလ်)

တို့သည် ၈-၅-၂၀၀၄(စနေနေ့)တွင် I.B.C ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမိဘများနှင့် ဆွေမျိုးမိတ်ဆွေသင်္ဂဟအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်မောင်ရန်နိုင်-မစိုးယုလှိုင်။

ဆေးတက္ကသိုလ်(၁) ၁၉၆၇-၇၄ ကျောင်းသူ၊ ကျောင်းသားများ၏ ဘွဲ့ရနှစ်(၃၀)ပြည့် ဆရာကန်တော့ပွဲနှင့်မိတ်ဆုံစားပွဲ

ကျင်းပမည့်ရက် - ၁၈-၁၂-၂၀၀၄(စနေနေ့)
ကျင်းပမည့်အချိန် - ဆရာကန်တော့ပွဲ နံနက်ပိုင်း၊ မိတ်ဆုံစားပွဲ-ညနေပိုင်း

၂၀၀၄ခုနှစ် လိပ်စာစာအုပ်ကို အချိန်မီပြုစုရန်နှင့် ဖိတ်စာများ ဝေငှနိုင်ရန်အတွက် ပေးပို့ထားသော ကိုယ်ရေးရာဇဝင်ပုံစံကို ၃၁-၇-၂၀၀၄နေ့ နောက်ဆုံးထား၍ ပေးပို့ပါရန်နှင့် ဖြည့်စွက်ရန် ကိုယ်ရေး ရာဇဝင်ပုံစံမရရှိသေးပါက အောက်ပါသူငယ်ချင်းများထံ ဆက်သွယ်နိုင်ပါသည်။

၁။မမြခိုင် ဖုန်း-၅၅၇၆၉၂
၂။ခင်ဌေးအေး ဖုန်း-၅၂၄၀၂၉
၃။မြစန္ဒာခိုင် ဖုန်း-၀၉-၅၀-၀၃၀၅၇။







ရွှေနန်းကုမ္ပဏီလီမိတက်ကိစ္စကြေညာချက်

ကျွန်ုပ်၏အတိုင်ပင်ခံ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အမှတ်(၈၁)တွင် တည်ထောင်ဖွင့်လှစ်ထားသော ရွှေနန်းကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာသန်းဝင်း၏ ညွှန်ကြားချက်အရ ကြေညာလိုက်သည်မှာ-

ဤကြေညာသည့်နေ့အထိ ရွှေနန်းကုမ္ပဏီသည် ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်နှင့် ကုမ္ပဏီများ မှတ်ပုံတင်ရုံး ၂၈-၄-၂၀၀၃ရက်စွဲပါ ပုံစံ(၂၆)ကုမ္ပဏီဒါရိုက်တာဖွဲ့စည်းပုံ မှတ်ပုံတင်စာရင်း အတည်ပြုပုံစံတို့အရ အစုဝင်ဒါရိုက်တာ ဒေါ်မြမြစိန်နှင့်အစုဝင်မန်နေဂျင်း ဒါရိုက်တာ ဒေါက်တာသန်းဝင်းတို့ နှစ်ဦးသာပါဝင်သည့် အစုရှယ်ယာ ကန့်သတ်ထားသည့် အများနှင့်မသက်ဆိုင်သော ကုမ္ပဏီဖြစ်ပါသည်။

ရွှေနန်းကုမ္ပဏီလီမိတက်၏ သင်းဖွဲ့စည်းမျဉ်းများအပိုဒ်(၁၀)အရ ဒါရိုက်တာအဖွဲ့၏ သဘောတူခွင့်ပြုချက် မရရှိဘဲ ကုမ္ပဏီ၏အစုရှယ်ယာများ လွှဲပြောင်းရောင်းချခြင်းကို ကန့်သတ်ထားပါသည်။ ဒါရိုက်တာအဖွဲ့သည် မိမိတို့၏ ချုပ်ချယ်ခြင်းကင်းသော ဆင်ခြင်တွက်ဆမှုဖြင့် အစုရှယ်ယာ လွှဲပြောင်းခြင်းကို မှတ်ပုံတင်ရန် ငြင်းဆိုနိုင်သည့်အပြင်၊ ထိုသို့ လွှဲပြောင်းခြင်းမှာ ဥပဒေအရ တည်မြဲခြင်း အလျှင်းမရှိပါ။

ထို့ပြင် သင်းဖွဲ့စည်းမျဉ်းအပိုဒ်(၁၇)အရ ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့သည် မည်သည့်ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ကိုမျှ အထွေထွေမန်နေဂျာအဖြစ် လစာပေးခန့်ထားခဲ့ခြင်းမရှိပါ။

ထို့ကြောင့် ရွှေနန်းကုမ္ပဏီလီမိတက်နှင့်ပေးရန် ရရန်ကိစ္စရပ်အပါအဝင် ဆက်သွယ်မှုအရပ်ရပ်ကို မန်နေဂျင်း ဒါရိုက်တာ ဒေါက်တာသန်းဝင်းနှင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ကြရန် အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးနေလ
(တရားရုံးချုပ်ရှေ့နေ)
MAC Tower(1)
အမှတ်-၅၆၃(ပ)၊ ကုန်သည်လမ်း၊
ရန်ကုန်မြို့၊ ဖုန်း-၂၅၂၆၆၇
E-mail:mkanl@myanmar.com.mm



ဒေါ်ရွှေ၊ ၇၁နှစ်
(ဒီမမအောင်ရောင်းဝယ်ရေး)
ညောင်ပင်လေးဈေး

ညောင်ပင်လေးဈေး ဆိုင်အမှတ် (၃၄၀)မှ ဦးထွန်းကြွယ်၏ဇနီး၊ ဦးရွှေဘ-ဒေါ်ခင်သန်းအေး၊ ဦးမြင့်ဝေ-ဒေါ်ခင်မာအေး (ဒီမမအောင်ရောင်းဝယ်ရေး)တို့၏မိခင် ဒေါ်ရွှေသည် ၇-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၉-၅-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဈေးသူ၊ ဈေးသားများအား အကြောင်းကြားပါသည်။

ဈေးသူ၊ ဈေးသားများ၊ ညောင်ပင်လေးဈေး။

ရဟန်းအမကြီး
ဒေါ်ခင်ဝင်းကြူ
(၄၈)နှစ်
(မှော်ဘီမြို့)

စစ်ကိုင်းတိုင်း၊ ကလေးဝမြို့နေ (ဦးဘို-ဒေါ်နန်းခင်) တို့၏သမီး၊ (ဦးလှရွှေ-ဒေါ်အုန်းစိန်)တို့၏ချွေးမ၊ ရွှေဘိုမြို့နေ (ဦးစိန်ထူး-ဒေါ်ချစ်ချစ်)၊ (ဒေါ်ဝင်းနု)၊ (ဦးတန်ဂွမ်း)-ဒေါ်ဝင်းကြည် (အမက၊ မဒန်ယန်)၊ (ဦးဇော်ဝင်း)တို့၏ညီမ၊ ဦးသိန်းမြင့် (AM, M.T.E)-ဒေါ်ဝင်းမူတို့၏အစ်မ၊ မှော်ဘီမြို့တိုးချဲ့(၂)ရပ်ကွက်၊ နောင်ရိုး(၂)လမ်း၊ အိမ်အမှတ်(B-၂၁)နေ (ဦးစိုးမြင့်နိုင် တောအုပ်ကြီး)၏ဇနီး၊ ကိုဝဏ္ဏစိုး (မြန်မာနိုင်ငံသစ်တောကျောင်း၊ ပြင်ဦးလွင်)၊ မသီတာစိုး(C.F.F.T.Cမှော်ဘီ)၊မမာလာစိုး (JAT)၊ မသူဇာဦး (2nd Year Chem:)တို့၏မွေးသမိခင်သည် ၇-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၉-၅-၂၀၀၄ရက်၌ မှော်ဘီသုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးဖြစ် ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု။

ရေးမြို့နယ်အသင်း(ရန်ကုန်)
ဦးမြင့်သိန်း(ခ)ဦးဟုတ်ကြူ
အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ အမှတ်(၄၃)(ပ)ထပ်၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်နေ ရေးမြို့နယ်အသင်းဥက္ကဋ္ဌ ဦးဝါရှိန်-အမှုဆောင် ဒေါ်ခင်နွယ်တို့၏သား၊ ရာသက်ပန်အသင်းဝင် ဦးသူရ၊ရာသက်ပန်အသင်းဝင် ဦးမောင်မောင်စန်းတို့၏ညီ၊ ကိုမြင့်ကြည်၊ ကိုစောနိုင်တို့၏အစ်ကို ရာသက်ပန်အသင်းဝင် ဦးမြင့်သိန်း(ခ)ဦးဟုတ်ကြူသည် ၇-၅-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၉-၅-၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့။

ထားဝယ်အသင်း
ဦးကြည်စိန် (၆၆)နှစ်
(ထားဝယ်)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီလမ်းသွယ်(၅/ဘီ)၊ အိမ်အမှတ်(၅၈၀)၊ E-2နေ (ဒေါ်တင်နွယ်ခ)၏ခင်ပွန်း၊ အသင်းဝင်အမှတ်(၁၉၇၃) ဦးကြည်စိန်သည် ၇-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၉-၅-၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားပါသည်။

အမှုဆောင်အဖွဲ့။

ဒေါ်တင်တင်ဌေး
အသက်(၄၀)
ရှမ်းလမ်းဈေး၊ ဈေးများဌာန

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ အမှတ်(၂၁)၊ ပန်းခြံလမ်းနေ မိတ်ဆက် (ဦးတင်ညွန့်-ဒေါ်ခင်ချစ်)တို့၏သမီး၊ ဦးမောင်-ဒေါ်တင်လှတို့၏ချွေးမ၊ ဦးမျိုးဝင်း-ဒေါ်ကြည်ဌေး၊ ဦးဌေးညွန့်-ဒေါ်အေးသိန်း၊ (ဦးသန့်ဇင်)၊ (ဦးဌေးချစ်)-ဒေါ်စန်းမြင့်တို့၏ ချစ်လှစွာသောညီမ၊ ဦးလှဌေး၊ ဦးအောင်ကြီး၊ ဒေါ်အေးအေးမြင့်တို့၏အစ်မ၊ ဦးတင်အေး၏ချစ်လှစွာသောဇနီး၊ မခင်နွေးနွေးငြိမ်း၊ မခင်ထွေးထွေးငြိမ်းတို့၏ချစ်လှစွာသော မွေးသမိခင်၊ တူ၊ တူမ(၁၃)ယောက်တို့၏ အဒေါ်သည် ၉-၅-၂၀၀၄ (တနင်္ဂနွေနေ့) နံနက် ၇:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၅-၂၀၀၄နေ့ မွန်းလွဲ ၁နာရီတွင် နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

ဒေါ်စဝ်ဆောင်းခွန်ဆမ်(ခ)မဆောင်း(လားရှိုး)နာမကျန်းဖြစ်စဉ်က ဂရုတစိုက် ကုသပေးခဲ့ကြသည့် တောင်ငူဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများ၊ တပ်မတော်ဆေးရုံကြီး (မင်္ဂလာဒုံ)တွင် တက်ရောက်ကုသနိုင်ရန် စီစဉ်ပေးသည့် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးညွှန်ကြားရေးမှူး၊ တက်ရောက် ကုသစဉ်ပြုစု ကုသပေးခဲ့ကြသော တပ်မတော်ဆေးရုံကြီးတပ်မှူးနှင့် အထူးကု ပါရဂူကြီး များ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများနှင့် အခြားဆေးရုံဝန်ထမ်းများ၊ ကိစ္စအရပ်ရပ်တွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသည့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ကာကွယ်ရေး ဦးစီးချုပ်(လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေးဌာနခွဲ မိသားစုများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မိသားစုများ၊ အမှတ်(၁၁) ခြေမြန်တပ်မ ဌာနချုပ်မိသားစုများ၊ တပ်မတော်ဆေးရုံကြီးမိသားစုများ၊ လေယာဉ် ထုတ်လုပ် ပြင်ဆင်ရေးဌာနချုပ်မိသားစုများ၊တပ်မတော်သူနာပြုနှင့်ဆေးဘက် ပညာတက္ကသိုလ် မိသားစုများ၊ ရပ်နီးရပ်ဝေးမှ မိတ်ဆွေများ၊ ဈာပနတွင် လိုက်ပါ ပို့ဆောင်ကြသူများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု။

ဦးဝင်းလှိုင် (၄၃)နှစ်

မန်နေဂျာ၊ မြန်မာယူနီဗာဆယ်ဘဏ်(ရုံးချုပ်)
(စိန်ဂျွန်းကျောင်းသားဟောင်း)

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဦးလှိုင်-ဒေါ်ယဉ်ကြည်တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် (၂၃) ၁၄၁ လမ်း၊ မအူကုန်း၊တာမွေမြို့နယ်နေ (ဦးထွန်းလှိုင်-ဒေါ်ခင်ကြည်)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်လှိုင် (ပြန်ဆက်၊ တာမွေ)၊ ဦးသန်းစိုး-ဒေါ်နုနုလှိုင်၊ ဦးခင်မောင်စိုးတို့၏ညီ/မောင်၊ မခင်မာလှိုင် (MUB. ဆူးလေ)၊ မစုစုလှိုင်(မြန်မာ့စီးပွားရေးဘဏ်)၊ မခင်အေးမူ၊ မခင်သန်းမူ၊ မောင်မင်းသိမ်းတို့၏ အစ်ကို၊ ဒေါ်ခင်ဌေးရီ(ခ)မချို၏ချစ်လှစွာသောခင်ပွန်း၊ မအိမ့်သီရိလှိုင် VA၊ မဝင့်သဏ္ဍာလှိုင် (IA၊အထက-၄ ဗိုလ်တထောင်)တို့၏ချစ်လှစွာသောဖခင်သည် ၁၀-၅-၂၀၀၄ရက်တွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၂-၅-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီ P.E.V. အဗ္ဗဒူ(လ်) ဆတ္တားရ် (ခ) ဦးသာထွန်း (ခ) ဦးသန်းထွန်း အသက်(၇၄)နှစ်

ဒိုက်ဦးမြို့၊(P.E.V.ဦးဖိုးစိန်-ဒေါ်အေးရင်)တို့၏သား၊ (ဦးမောင်စိန်-ဒေါ်ဘိဘိ)တို့၏သားသမက်၊ရန်ကုန်မြို့၊အမှတ်(၄)ရပ်ကွက်၊ ဗိုလ်တထောင်လမ်း၊ အမှတ်(၉/၁၁)နေ ဟာဂျီမအာစီယာဘီ(ခ) ဒေါ်မြစိန်၏ခင်ပွန်း၊ (မြကျွန်းသစ် ရောင်းဝယ်ရေး)ဦးသန်းရွှေ-ဒေါ်ခင်စိန်၊ဦးအေးမောင်-ဟာဂျီမဒေါ်တင်တင်ဦး၊ဦးလှရွှေ-ဒေါ်မြတ်သီတာထွန်း၊ဦးမြသိန်း-ဒေါ်စန်းရီ၊ ဦးအောင်ထွန်း-ဒေါ်လှလှစိန်၊ မောင်စိန်ထွန်းတို့၏ ဖခင်၊မြေး၁၇ယောက်၊မြစ်ခြောက်ယောက်တို့၏အဘိုးသည် ၁၀-၅-၂၀၀၄ရက်တွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါ၍၁၁-၅-၂၀၀၄(အင်္ဂါနေ့)ဇိုဟိုရ်နမာ့စ်အပြီး မွန်းလွဲ ၁း၃၀နာရီတွင် သန်လျင်မြို့ ငါးပါးသခင် ဒါရ်ဂါဝင်း၌ ဒါဖနာပြုလုပ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးဝင်းနိုင်အေး (၅၄)နှစ်

Chief Officer -C.D.C-3640
HUB LINE
ယခင်မက်သဒစ်
ကျောင်းသားဟောင်း(အထက-၁၊ဒဂုံ)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၅) ရပ်ကွက် ဘောက်ထော်၊ မာလာမြိုင်လမ်း၊ အမှတ်(၈)နေ (ဦးမင်းကြည်)-ဒေါ်အုန်းရင်တို့၏သားကြီး၊(ဦးကိုကိုကြီး-ဒေါ်ထွေး)တို့၏သားသမက်၊ဒေါ်ခင်ခင်စိုး၏ခင်ပွန်း၊ (ဦးအောင်မိုးဟိန်း)-ဒေါ်နုနု၊ဦးအောင်မိုးမင်း-ဒေါ်မြမြစိန်၊ ဦးအောင်ဇော်မင်း၊ ဒေါ်မေသန်းနွယ်၊ဦးလှသမိန်-ဒေါ်အမာစိန်၊ ဒေါ်အေးအေးမင်း၊ ဦးထူးမင်း-ဒေါ်လဲ့လဲ့တို့၏အစ်ကိုကြီးသည် ၉-၅-၂၀၀၄ရက်တွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ ကွယ်လွန်ပါ၍ ၁၁-၅-၂၀၀၄ရက်ညနေ၃း၃၀နာရီတွင်ရေဝေး အအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများမွန်းလွဲ ၂း၃၀နာရီ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအောင်ချို(၅၄)နှစ်

B.V.S တိ/မွေးကုဆရာဝန်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ သုခဝတီလမ်း၊အမှတ်(၂၃/B)နေ ဝဏ္ဏကျော်ထင် (ဦးသန်းမောင်၊ ရှမ်းပြည်နယ်ပညာရေးမှူး-ဒေါ်သန်းခင်)တို့၏သား၊ ဦးမြင့်စိုး-ဒေါ်စိုးစိုးမြင့်၊ (ဦးမောင်မောင်)-ဒေါ်ခင်ရီသန်းတို့၏ညီ/မောင်၊ ဦးမျိုးထွန်း(လ/ထ ညွှန်မှူး၊ သစ်တောစိမ်း/စို)-ဒေါ်ဆွေဆွေသန်း၊ဒေါက်တာအောင်သန့်ဇင်-ဒေါ်ညွှန့်ညွှန့်သန်း (အထက-၃၊ ပြည်မြို့)၊ ဦးဇော်ဝင်း-(ဒေါ်သန်းသန်းဆင့်)၊ ဦးသန့်ဇင်(ခ) ကိုတိုး-ဒေါ်နီလာ ဝင်းတို့၏အစ်ကို၊ တူ၊ တူမ ၁၇ယောက်တို့၏ ဦးလေး၊ အမှတ်(၆၈/က)၊ (၆) လမ်း၊ အင်းစိန်မြို့သစ်နေ ဒေါ်ခင်မေလွင်၏ခင်ပွန်း၊ မောင်နေမျိုးရှင်-မချိုစုစုကြည်၊ မချိုစုမင်းကြည် (B.A၊မြန်မာ)၊ မောင်နေအောင်ချို (Final သမိုင်း)၊ မချိုနွေးနွေးကြည်(ပ/နှစ်၊ ကွန်ပျူတာတက္ကသိုလ်)၊ မောင်သုတဇော် (မ-၁၂၊ အင်းစိန်)တို့၏ ဖခင်၊ သဒ္ဒါမျိုးရှင်၊ ယသော်မျိုးရှင်တို့၏ အဘိုးသည် ၉-၅-၂၀၀၄ရက်တွင် ဗဟိုစည်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၁-၅-၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(အင်းစိန်နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစံအေး(သထုံ) အသက်(၉၀)

သထုံမြို့၊အမှတ်(၄၆၂)၊ပြည်တော်သာလမ်း၊နန်းခဲရပ်နေ (ဦးချစ်ခင်-ဒေါ်အုတ်)တို့၏သား၊(ဦးသိန်းထွန်း-ဒေါ်သန်းစိန်)၊ (ဦးလကီး-ဒေါ်နှင်းခင်)တို့၏ မောင်၊ ဦးစံရင်၊ (ဦးကံညွှန့်-ဒေါ်အုံးမျှင်)၊ (ဦးလှစိန်)-ဒေါ်စိန်တို့၏ အစ်ကို၊ ဦးတင်စိုး-ဒေါ်ခင်သီ၊ ဦးချစ်ထွန်းလှိုင်-ဒေါ်ကြည်ကြည်မြင့်၊ ဦးစိန်မြင့်-ဒေါ်နွဲ့နွဲ့ရီ၊ ဦးခင်ရွှေ-ဒေါ်မြင့်မြင့်ရီ၊ဦးညွှန့်၊ဦးခိုင်-ဒေါ်ဥမ္မာဝင်းတို့၏မွေးသဖခင်၊ မြေး၁၁ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၁၀-၅-၂၀၀၄ရက်တွင် သထုံမြို့နေအိမ်၌ ကွယ်လွန်ပါ၍၁၂-၅-၂၀၀၄(ဗုဒ္ဓဟူးနေ့) တွင် သထုံမြို့ ကျောက်တန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးကြည်စိန်(၆၆)နှစ်

(PLEX CHEM Co.,)
(ထားဝယ်)

ထားဝယ်မြို့၊ သဘော်ဆိပ်ရပ်နေ (ဦးရန်းနား-ဒေါ်အင်သီ)တို့၏ သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီလမ်းသွယ်(၅/B)၊ အမှတ်(၅၈၀/E-2)နေ(ဒေါ်တင်နွယ်ခ၊အငြိမ်းစားပါမောက္ခ)၏ ခင်ပွန်း၊ (ဒေါ်ကြည်ပို)၊ ဦးကြည်လင်(ဒုညွှန်မှူး-ငြိမ်း၊ရေနံဓာတု Working Advisor Myanmar Tokiwa Co.,)-ဒေါ်မြတင်၊ (ဦးအန် ချိန်)-ဒေါ်လှကြည်၊ ဒေါ်စိန်တင်၊ ဦးနေအောင်-ဒေါ်ခင်ဟုန်တို့၏ ညီ/မောင်သည် ၇-၅-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ကွယ်လွန်ပါ၍ ၉-၅-၂၀၀၄ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမောင်နှမများ။

ဦးဝင်းနိုင်အေး (၅၄)နှစ်

Chief Officer CDC-3640
Hub Line
အထက(၁)ဒဂုံ
(ယခင်မက်သဒစ်ကျောင်းသားဟောင်း)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၅) ရပ်ကွက်၊ ဘောက်ထော်၊ မာလာမြိုင်လမ်း၊ အမှတ်(၈)နေ ဒေါ်ခင်ခင်စိုး၏ ခင်ပွန်း၊ ကိုငြိမ်းချမ်းဇော်-မဝါဝါမင်း၊ ကိုတင်လင်းကို၊ ကိုအောင်သန်းဦး-မတင်ဇာဝင်း၊ မောင်သူရဝင်းတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၉-၅-၂၀၀၄ရက်တွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ ကွယ်လွန်ပါ၍ ၁၁-၅-၂၀၀၄ ရက် ညနေ၃း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ၂း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်စန်းစန်းဝင်း (၅၄)နှစ်

(ဝါခီ)

ရန်ကုန်မြို့နေ [ဦးအုန်းရွှေ(ခ) ဦးတင်ဝင်း]-ဒေါ်တင်မြတို့၏ သမီးကြီး၊ ဦးသိန်းတန်(ဝါခီ၊ငြိမ်း)၏ဇနီး၊ ဦးအောင်မြင့်(စက်မှု-၁၊အထည်အလိပ်)-ဒေါ်ခင်လှဝေတို့၏ညီမ၊ ကိုကျော်ကျော်ဝင်း (ကစလ)-မရှုလွင်၊ အရာခံဗိုလ်ထွန်းဦး (ဝါခီ)-မပြုံးပြုံးဝင်း၊ ကိုအောင်မိုးဝင်း-မသန်းသန်းဆင့်တို့၏ အစ်မကြီးသည် ၉-၅-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၃-၅-၂၀၀၄ရက် မွန်းတည့်၁၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။[အမှတ်(၈၃၄)၊သုမင်္ဂလာလမ်း၊ ဓာတ်ဆီဆိုင်အနီး၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပနေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

ဒေါ်အေးကြည်(၈၈)နှစ်

မန္တလေးတိုင်း၊ (၆၃)လမ်း၊ ၃၀x၃၁လမ်းကြား၊ နယူးစီဗွီလိုင်းရပ်၊ အမှတ်(၁၁-ခ)နေ (ဦးကိုကိုကြီး၊စက်ရှင်တရားသူကြီး)၏ဇနီး၊ ဦးရည်လွင်ညို-ဒေါ်သီတာမွန်(ပါမောက္ခ၊ အင်္ဂလိပ်စာဌာန၊ တောင်ကြီးတက္ကသိုလ်)၊ ဦးစိုးမြင့်(ဦးစီးအရာရှိ၊ ငြိမ်း၊ ဆမ)-ဒေါ်ခင်သန်းဌေး(ငြိမ်း၊ မနနလ ဆေးရုံ)၊ ဦးတိုးမြင့်(ဦးစီးအရာရှိ၊ဆမ)-ဒေါ်အမာတင်၊(ဦးတင်မောင်ဌေး)-ဒေါ်နီနီ(ငြိမ်း၊မနနလဆေးရုံကြီး)၊ ဦးဗိုလ်ဗိုလ်(ဦးစီးအရာရှိ၊ ငြိမ်း၊ ဆမ)-ဒေါ်တင်ပိုင်(မတင်ပိုင်လက်ဖက်၊ဈေးချို)၊ ဒေါ်မိမိ(ဒု-ဦးစီးမှူး၊ဆမ)၊ (ဦးချိုချို)တို့၏မွေးသမိခင်၊ မြေးကိုးယောက်တို့၏ အဘွား၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၉-၅-၂၀၀၄ရက်တွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၀-၅-၂၀၀၄ရက် မွန်းလွဲ၁နာရီတွင် ကြာနီကန် သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ပေါ (၇၉)နှစ်

(မြင်းခြံ)

မြင်းခြံမြို့၊အမှတ်(၃)ရပ်ကွက်နေ (ဦးထွန်းနိုင်-ဒေါ်ဖွားအုံ)တို့၏သမီး၊ (ဦးတင်မောင်၊ နိုင်ငံ့ဂုဏ်ရည်ဒုတိယဆင့်)၏ဇနီး၊ ရန်ကုန်မြို့နေ ပညာရေးစီမံကိန်း ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးဘိုဝင်း-ဒေါ်ခင်မော်၊ ဦးအုန်းမောင်-ဒေါ်ယဉ်ယဉ်ဝင်း၊ ဦးခင်မောင်အေး-ဒေါ်လှလှဝင်း၊ဗိုလ်ကြီးသန်းဆွေဝင်း(မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)-ဒေါ်စိုးပပ၊ ဦးဝင်းမြင့်သိန်း-ဒေါ်သန္တာဦးတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး၁၂ယောက်တို့၏ဘွားဘွားကြီးသည် ၆-၅-၂၀၀၄ရက်တွင် မြင်းခြံမြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၈-၅-၂၀၀၄ရက်နံနက်၉နာရီတွင် ရွာဇီ၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ပေါ(မြင်းခြံ) (၇၉)နှစ်

ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၏ မိခင် ဒေါ်ခင်ပေါ(မြင်းခြံ) အသက်(၇၉)နှစ်သည် ၆-၅-၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်နွဲ့၊ ဆရာ၊ ဆရာမများ။ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘ/အုပ်ထိန်းသူများအားလုံး။ ရန်ကင်းပညာရေးကောလိပ်၊ လေ့ကျင့်ရေးကျောင်း။**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးစိန်ဝင်း(၇၈)နှစ်

(မြန်မာ့မီးရထား)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ ငွေလမင်းရိပ်သာလမ်းသွယ်၊ အမှတ်(၅၅/စီ-၁)နေ (ဦးသက်ဝေ-ဒေါ်ငယ်)တို့၏သား၊ (ဒေါ်နွယ်)၏ခင်ပွန်း၊ ဦးစိုးတင့်(အင်ဂျင်နီယာမှူးကြီး၊ပြည်သူ့ဆောက်လုပ်ရေး၊ ရှမ်းပြည်နယ်တောင်ပိုင်း)-ဒေါ်အေးအေးချစ်တို့၏ ဖခင်၊ ကိုမျိုးကြည်စိုး-မအေးအေးခိုင်၊ ကိုကျော်စွာစိုးတို့၏အဘိုးသည် ၆-၅-၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍၁၀-၅-၂၀၀၄ ရက်တွင်ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်းဒါယိကာမကြီး

ဒေါ်သန္တာညွန့်(၄၇)နှစ်

"လက်ရွေးစင်"လက်ဖက်ရည်ဆိုင်

ရန်ကုန်မြို့၊ အမှတ်(၆)၊ ပြည်တော်အေးလမ်း၊ ပြည်သာယာ၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်နေ ဘုရား၊သိမ်၊ ကျောင်းဒါယကာကြီး(ဦးညွှန့်)-ဒေါ်သန်းသန်းတို့၏ သမီးကြီး၊ ဦးဝင်းလှိုင်ညွှန့်-ဒေါ်ခင်စန်းစန်း (စိတ်လှစတိုး)၊ဒုတိယဗိုလ်မှူးကြီးဇော်မင်း(တပ်မတော်-လေ)-ဒေါ်နီလာညွှန့်၊ ဦးအေးနိုင်ညွှန့်၊ ဦးအောင်ကျော်ထွန်း-ဒေါ်မြစန္ဒာညွှန့်၊ ဦးအောင်ကျော်ညွှန့်-ဒေါ်မွန်မွန်မြင့်၊ဗိုလ်ကြီးမောင်မောင်ထွန်း-ဒေါ်သီတာစိန်ညွှန့်တို့၏ ချစ်လှစွာသောအစ်မကြီး၊ မောင်ထက်အောင်လင်း(ခ)မောင်ဇော်ထက် (အထက-၂၊ဗဟန်း၊နဝမတန်း)၏ ချစ်လှစွာသောမိခင်၊ တူ၊ တူမ ၁၀ယောက်တို့၏ကြီးကြီး ဒေါ်သန္တာညွန့်သည် ၁၀-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂-၅-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်းဒါယိကာမကြီး

ဒေါ်သန်းရင်(၆၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ စိန်ချယ်လမ်း၊ အမှတ် (၆၅)နေ၊ (ဦးအေးသွယ်-ဒေါ်စန်းမေ)တို့၏သမီးကြီး၊ ဦးမြအုန်း (ဟိုတယ်ခရီး၊ ငြိမ်း)၏ဇနီး၊ (ဦးခင်မောင်အေး)-ဒေါ်ညွှန့်ထွေး၊ဦးသိန်းဝင်း (ပြည်တွင်းရေကြောင်း)-ဒေါ်ခင်စန်းနုတို့၏ အစ်မကြီး၊ (ဦးကြည်သိန်း)-ဒေါ်စိုးစိုးဝင်း (Shangrila Hotel Dubai)၊ ဦးသိန်းဇော်-ဒေါ်စိုးစိုးရီ(Dusit Inyalake Hotel)၊ ဦးသီဟထွန်း(Moo Jin Marine Co., Ltd.)-ဒေါ်သန်းသန်းဝင်း(Savoy Hotel)၊ ဦးဇေယျာဆွေ(Grand Royal Park Hotel)-ဒေါ်အေးအေးသင်း၊မခင်စန်းထွေး(J.W Mariott Hotel Dubai) တို့၏ မိခင်ကြီး၊မြေးခုနစ်ယောက်တို့၏ အဘွားသည် ၉-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၁-၅-၂၀၀၄ (အင်္ဂါနေ့) ညနေ၄း၃၀နာရီတွင်ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၄နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

Nazneen (ခ) ဒေါ်ကြည်ကြည်မြင့် အသက်(၄၀)

ရန်ကုန်မြို့၊ အမှတ်(၂၅၂)၊ အခန်း(၃၀၁)၊ရာဇာဓိရာဇ်အိမ်ရာ၊ဗိုလ်တထောင်မြို့နယ်နေ ဦးထွန်းတင်-ဒေါ်နာရ်ဂစ်တို့၏ သမီး၊ ကိုမျိုးသိန်း၊ မဖြူဖြူခင်၊ မမူမူသန်းတို့၏ညီမ၊ မခင်မေရီ၊ မစန္ဒာတို့၏အစ်မ၊ မောင်မျိုးမင်းသန်း၊ မဇင်မာထွန်း၊ မဝတ်ရည်ထွန်းတို့၏ ချစ်လှစွာသောမိခင်၊ ဦးထွန်းသန်း(မန်နေဂျာ၊ MITC/UNPL)၏ဇနီးသည် ၁၀-၅-၂၀၀၄ရက်တွင်အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၁၁-၅-၂၀၀၄(အင်္ဂါနေ့) ဇိုဟိုရ်နမ္မား(စ်)အပြီး မွန်းလွဲ ၂နာရီတွင် ရေဝေးမွတ်ဆလင်သုသာန်၌ ဒါဖနာမည်ဖြစ်ပါကြောင်း။[ဇိုဟိုရ်နမာ့စ်အပြီးတွင် ကားများ လမ်း(၃၀)ဗလီမှ ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ကျောင်းဒါယကာကြီး

ဦးမောင်အုန်း(၉၂)နှစ်

(မယ်ဇလီကုန်း)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ (၆၈)၊ ပိုက်လုံးလမ်းနေ (ဦးမြစ်-ဒေါ်ရွှေတင့်)တို့၏ သား၊ (ဒေါ်တင်တင်)၏ ခင်ပွန်း၊ ဒေါ်ကြည်ကြည်နွဲ့ (အမှတ်-၁၂၊ ကြည်ကြည် ပိဋကတ်စာအုပ်ဆိုင်၊ ရွှေတိဂုံဘုရားဈေး၊ တောင်ဘက်မုခ်)၊ ဦးဝင်းဆွေ-ဒေါ်ခင်စန်းရီ(အမှတ်-၃၉၊ ဓမ္မဂုဏ်ရည် ပိဋကတ်စာအုပ်ဆိုင်)၊ ဒေါ်ရီရီခင်(မြန်မာ့ရေနံ)၊ ဦးညွှန့်ဆွေ (BVS)-ဒေါ်အိအိဖြူ (Tour Guide) တို့၏ ဖခင်၊ မောင်ကျော်စွာဝင်း(B.A Software Engineer)၊ အထက-၃၊ ဒဂုံမှ မခိုင်မြတ်မွန်သင်း၊ မောင်အောင်ကျော်သူ၊ မစုစုဟန်တို့၏ အဘိုးသည် ၁၀-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂-၅-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်ဝင်း(၅၆)နှစ်

(စိန့်ဂျွန်းကျောင်းသားဟောင်း)
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
ရုံးချုပ်(ငြိမ်း)

ရန်ကုန်မြို့နေ (ဦးသောင်း)-ဒေါ်တင်တင်အေးတို့၏ သား၊ (ဦးထွန်းကြွေ-ဒေါ်အုံးနု)တို့၏သားသမက်၊ (ဒေါ်စီစီမာ)-ဦးဝင်းမြင့်၊ ဒေါ်ရီရီနွယ်-ဦးမျိုးမြင့်၊ ဒေါ်ရင်ရင်ဆွေ-ဦးခိုင်စိုး၊ ဒေါ်မြင့်မြင့်အေး၊ ဒေါ်ဖြူဖြူအေး-ဦးနိုင်ဦး၊ ဒေါ်လှလှထွေး-ဦးမောင်မောင်မြင့်တို့၏ အစ်ကိုကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ်(၁၄)နေ ဒေါ်အေးမြင့်၏ခင်ပွန်း၊ မကျော့ကေခိုင်၊ မပပဖြိုး-မောင်မိုးသူရတို့၏ ဖခင်၊ တူ၊တူမ၁၁ယောက်တို့၏ ဦးလေးသည် ၉-၅-၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍ ၁၁-၅-၂၀၀၄(အင်္ဂါနေ့) နံနက်၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်အေးသန့် (၇၆)နှစ်

(မြစ်ခြေ)

ပခုက္ကူခရိုင်၊ မြစ်ခြေမြို့နေ B.O.C ကန်ထရိုက်တာ(ဦးမောင်ကြီး-ဒေါ်ဖွားနှစ်)တို့၏သမီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊အမှတ်(၅)ရပ်ကွက်၊တိုက်(၃၇၀)၊ အခန်း(၁၅)နေ ဦးထိုက်ကြွယ် (ကျန်းမာရေးမှူး၊ ငြိမ်း)၏ ဇနီး၊ ဒေါ်အေးသွင်(မြစ်ခြေမြို့)၏ညီမ၊ (ဒေါ်အေးမေ)၊ (ဦးသိန်းဝေ)၊ ဒေါ်ပိုပိုအေးတို့၏ အစ်မ၊ ဦးစစ်ညိုဝင်း-မချိုချိုအေး၊ ဦးညွှန့်အောင်-မမိုမိုအေး၊ ကိုရဲလင်းဦး၊ မမြတ်လေးထိုက်ကြွယ် (စီးပွား/ကူးသန်းရုံးချုပ်)၊ ကိုညီညီလတ်၊ ကိုအောင်မွန်၊ ဒေါက်တာခိုင်မြတ်စု (မျက်စိအထူးကု ဆေးရုံကြီး)တို့၏ မိခင်၊ မြေးခြောက်ယောက်တို့၏ဘွားဘွားကြီးသည် ၁၀-၅-၂၀၀၄ရက်တွင် အာရှတော်ဝင် ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၂-၅-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (ရန်ကင်းနေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ တန်ဆောင်း၊ သိမ်၊ ရဟန်း၊လမ်း၊ ရေတွင်း၊ရေစက် ဒါယကာကြီး

ဦးအေးရွှေ (၇၃)နှစ်

(စား/ဖျော်၊ ငြိမ်း)
ငှက်ပျောချောင်း(ဝါးခယ်မ)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်(၁၅)လမ်း၊ အမှတ်(၁၂၀၂)နေ (ဦးအေးမောင်-ဒေါ်မယ်ရင်)တို့၏ သား၊ (ဦးမောင်မြ-ဒေါ်အုန်းတင်)တို့၏ သားသမက်၊ (ဒေါ်အေးလှိုင်)၏ ခင်ပွန်း၊ (ဦးကြင်)-ဒေါ်အုန်းတင်၊ (ဦးအေး)-ဒေါ်သန်းခင် (မ/ဥက္ကလာ)၊ ဦးဗိုလ်တို့၏ ညီ/မောင်၊ ဒေါ်တင်အေး၊ ဦးကြင်အောင်၊ ဦးလှမြင့်တို့၏ အစ်ကို၊ ဗိုလ်ကြီးအုန်းလှိုင်(ငြိမ်း)-ဒေါ်သီတာရွှေ၊ ဦးအောင်မျိုးအောင် (Rothmans of Pallmall Myanmar Pte., Ltd.)- ဒေါ်ဥမ္မာရွှေတို့၏ ချစ်လှစွာသောဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၉-၅-၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်ပါ၍ ၁၁-၅-၂၀၀၄ (အင်္ဂါနေ့) ညနေ၃နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများမွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးမော်ဂင်ရာဂျာ(၅၈)နှစ်

အကောက်ခွန်မှူး(ငြိမ်း)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက်၊ အမှတ်(၁၂၁/က)၊ သုဒဿန(၂)လမ်းနေ (ဗိုလ်ကြီး ဦး R. ရာဂျာ၊ ငြိမ်း)-ဒေါ်အာသီလက်(ချ်)မီး(ခ) ဒေါ်မေစီတို့၏သား၊ ဒေါ်ဘေဘီရာဂျာ (သ/မဦးစီးဌာန)၊မအေးအေးသန်း တို့၏ အစ်ကို၊ ရန်ကုန်မြို့၊အမှတ်(၁၈၂/၂၀၂)၊ အခန်း (၈)၊ (၃၄)လမ်း၊ ကျောက်တံတားမြို့နယ်နေ ဦးပီတာဆန်လားဇရက်စ်-(ဒေါ်စံသီးမာယာ)တို့၏ သားသမက်၊ ဒေါ်ဖြူတီ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မျိုးမင်းမြတ် (တပ်မတော်-ရေ)၊ မောင်နိုင်လင်း(ပ-နှစ်၊ သချ်ာ)၊ မောင်ဒီဒီတို့၏ကျေးဇူးရှင်ဖခင်ကြီး၊ ဆရာမရီလာ (H.C.C.)၊ ဒေါ်နယ်စီ-ဦးမောင်မောင်မျိုး၊ ဒေါ်ဒိန်တီ-ဦးသိန်းဝင်း၊ မဒေစီ၊ မဒေါ်လီတို့၏အစ်ကို၊ဒိုင်ယာနာ၊ရေဘီနာ၊ ဆွန်သာရ်ဆန်း၊ ဖရယ်ဒီဆန်းတို့၏ ဦးလေးသည် ၉-၅-၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၁-၅-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ဦးနောအောက်မေ့ဖွယ်ရာ ဘုရားကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန် သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ယဉ်ယဉ်မြ (၄၅)နှစ်

(ပြင်ဦးလွင်)

ပြင်ဦးလွင်မြို့နေ ဦးခင်မောင်-(ဒေါ်ညွှန့်ညွှန့်)တို့၏ သမီး၊ ဘောက်ထော်၊ စာရေးတန်းလမ်း၊ အမှတ်(၈/ခ)နေ ဦးတင်လတ်-ဒေါ်ခင်သန်းတို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ခြံအမှတ်(၉၅)၊ ရွှာမသံမဏိစက်ရုံဝင်းနေ ဦးထင်ရှား (လက်ထောက်အင်ဂျင်နီယာ)၏ ချစ်လှစွာသောဇနီး၊ ဦးခင်မောင်တင်-ဒေါ်ခမ်းနော၊ ဦးခင်မောင်ရင်-မသီသီနွဲ့၊ ဦးခင်မောင်သွင်-ဒေါ်ရီရီဝင်းတို့၏ ညီမ၊ ဒုတိယဗိုလ်မှူးကြီးမြသန်းကို-ဒေါ်ယဉ်ယဉ်မေ၊ရဲအုပ်ခင်မောင်သန်း-ဒေါ်ယဉ်ယဉ်ဆွေ၊ ဦးသိန်းဝင်း-ဒေါ်ယဉ်ယဉ်ဝေ၊ ဗိုလ်မှူးသန်းထွန်းညွှန့် - ဒေါ်ယဉ်ယဉ်ထွေးတို့၏အစ်မ၊ မောင်သန့်ဇင်ဦး၊ စုစန္ဒီ၊ ဇာနည်ထင်ရှား၊ယုယမုံတို့၏ မွေးသမိခင်သည် ၉-၅-၂၀၀၄ ရက်တွင် (Green Cross)အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၃-၅-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ နန္ဒမာလာ သိက္ခာတော်(၇၀)၊ သက်တော် (၉၀)

မကွေးတိုင်း၊ တောင်တွင်းကြီးမြို့၊ မောင်းတိုင်(၁)ရပ်ကွက်၊ ရတနာဒေဝီကျောင်းတိုက်ကြီး၏ဦးစီးပဓာနနာယက၊ မြို့နယ်သြဝါဒါစရိယ ဘဒ္ဒန္တ နန္ဒမာလာသည် (၁၃၆၆ခုနှစ် ကဆုန်လပြည့်ကျော် ၅ရက်)၊ ၈-၅-၂၀၀၄ ရက် မွန်းလွဲ ၁း၁၅နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါ၍ (၁၃၆၆ခုနှစ် ကဆုန်လပြည့်ကျော် ၁၁ရက်)၊ ၁၄-၅-၂၀၀၄(သောကြာနေ့)တွင် အန္တိမဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။

ဈာပနကော်မတီနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ၊ ရတနာဒေဝီကျောင်းတိုက်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ နာယက သိက္ခာတော်(၆၆)ဝါ၊ သက်တော်(၈၆)နှစ်

ရေနံချောင်းမြို့၊ ရွှေကြာငုံရပ်ကွက်၊ ရွှေစေတီပါဠိတက္ကသိုလ်တိုက်သစ် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တနာယက(အဂ္ဂမဟာပဏ္ဍိတ)သည် (၁၃၆၆ ခုနှစ် ကဆုန်လပြည့်ကျော် ၆ရက်)၊ ၉-၅-၂၀၀၄(တနင်္ဂနွေနေ့) ည ၇း၃၀ နာရီတွင်ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၆ခုနှစ် ကဆုန်လပြည့်ကျော် ၁၄ရက်)၊ ၁၇-၅-၂၀၀၄(တနင်္လာနေ့) တွင် အန္တိမဈာပနပူဇာသဘင် ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်းရပ်ဝေး၊ ရပ်နီးမှ ဒါယကာ၊ ဒါယိကာမများအား သိစေရန်အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
မန္တလေးတိုင်း၊မိုးကုတ်မြို့နယ်၊ကျပ်ပြင်မြို့
မြို့နယ်သံဃာသမ္မတိရသံဃာ့ကိုယ်စားလှယ်
ကျပ်ပြင်မြို့သံဃနာယကအဖွဲ့ဥက္ကဋ္ဌ

ဘဒ္ဒန္တ ဇဝနာလင်္ကာရ သိက္ခာတော်(၄၇)ဝါ၊ သက်တော်(၆၇)နှစ်

မိုးကုတ်မြို့နယ်၊ ကျပ်ပြင်မြို့၊ အေးစေတီမြောက်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနမဟာနာယက ဘဒ္ဒန္တဇဝနာလင်္ကာရဆရာတော်သည် (၁၃၆၆ခုနှစ်၊ ကဆုန်လပြည့်ကျော်၂ရက်)၊ ၅-၅-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက်၅း၁၀နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၆ခုနှစ်၊ကဆုန်လပြည့်ကျော်၈ရက်)၊၁၁-၅-၂၀၀၄(အင်္ဂါနေ့)တွင်ကျပ်ပြင်မြို့၌ အန္တိမဈာပနကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာ၊ဒါယကာ၊ဒါယိကာမများ။

ဒေါ်လုံးတင် အသက်(၉၀)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ အမှတ်(၈)၊ ဝတ်ကျောင်းလမ်းနေ (ဦးထင်အောင်)၏ ဇနီး၊ ဦးမြင့်ဆွေ(စာရင်းစစ်မှူး၊ စာရင်းစစ်ချုပ်ရုံး) - ဒေါ်တင်တင်ဦး (ဗိသုကာအင်ဂျင်နီယာ)တို့၏ မိခင်၊ (မောင်ထက်ဖြိုးလင်း)၊ မလွင်မာ၊ မောင်နိုင်ဖြိုးဝင်း၊ မဖြူသက်မွန်တို့၏ အဘွား၊ မအင်ကြင်းမွေး၏ အဘွားသည်၁၀-၅-၂၀၀၄ရက်တွင်နေအိမ်၌ ကွယ်လွန်ပါ၍ ၁၂-၅-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြတင်(၅၆)နှစ်

(ရန်ကင်း)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ် (၃)ရပ်ကွက်၊ တိုက်(၂၀၆)၊ အခန်း(၂၉)နေ (ဦးအောင်ကြီး-ဒေါ်စိန်စိန်) တို့၏ သမီး၊ ဦးဆန်းမော်၏ဇနီး၊ဦးလတ်မြင့်-ဒေါ်မာမာ၊(ဦးသာဒင်)၊ဒေါ်တင်တင်တို့၏ ညီမ၊ဒေါ်ကျော့ကျော့၊ဦးနီတွတ်၊ဒေါ်စီနားတို့၏ အစ်မ၊ (ဦးဇော် ထွန်း)၊ ကိုပေါက်-မညိုမီတို့၏ မိခင်၊ တူ တူမငါးယောက်တို့၏ အဒေါ်သည် ၁၀-၅-၂၀၀၄ရက်တွင် အောင်ဇေအထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၂-၅-၂၀၀၄(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင်ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁နာရီထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးခင်စိန်(ခ)မောင်လေး အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ လှိုင်မြစ်လမ်း၊အမှတ်(၂၇)နေ (ဦးသောင်းစိန်-ဒေါ်ကြည်၊BOCကုန်စုံဆိုင်)တို့၏ သား၊ ပဲခူးမြို့နေ (ဦးမြမောင်- ဒေါ်အုန်းကြည်)တို့၏သားသမက်၊ ဦးကျော်သောင်း-ဒေါ်သန်းဌေး၊ဦးကျော်ဌေး- ဒေါ်ကြည်ကြည်ဝင်းတို့၏ညီ၊ ဦးလှသန်း-ဒေါ်တင်အေးတို့၏မောင်၊ ဦးချစ်အောင်-ဒေါ်မိုးစန္ဒာ၊ ဦးထိုက်စံ-ဒေါ်ခင်ဌေးဝင်း၊ဦးစောဦး-ဒေါ်မေလန်း၊ ဦးမျိုးဝင်း-ဒေါ်မေစောအေးတို့၏အစ်ကို၊ဒေါ်အေးအေးနီ၏ ခင်ပွန်း၊ မယုသီဂီဖြိုး၊ မောင်ဝေယံထွန်းဦးတို့၏ ဖခင်သည် ၉-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၁-၅-၂၀၀၄(အင်္ဂါနေ့) နံနက်၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက်၁၀နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျင်ကွမ်(၇၅)နှစ်

(ထားဝယ်)

ထားဝယ်မြို့၊ ညောင်ရမ်းရပ်နေ (ဦးအာလူး-ဒေါ်စိန်ရီ)တို့၏သား၊ (ဦးတင်မြင့်)-ဒေါ်စိန်၊ဦးဇော်သိန်း-ဒေါ်ခင်ကြည်၊ (ဦးသန်းမြင့်)-ဒေါ်စန်းရီ၊ ဦးဝင်းနိုင်-ဒေါ်ကြည်တို့၏ ညီ/မောင်၊ ရန်ကုန်တိုင်း၊သာကေတမြို့နယ်နေ (၈)ရပ်ကွက်၊ အောက်ဂန္ဓမာလမ်း၊ အမှတ်(၁၆၉)နေ ဒေါ်တင်၏ခင်ပွန်း၊ ဦးဝင်းအောင်-ဒေါ်သောင်းကြည်၊ ကိုနီ-မတူးမာ၊ ဦးစုငယ်-ဒေါ်ချိုချိုတို့၏ဖခင်၊မြေးရှစ်ယောက်တို့၏ အဘိုးသည် ၁၀-၅-၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍၁၂-၅-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ၁နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မာမာအေး(၄၄)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ (ဦးမြင့်စိုး-ဒေါ်သန်းညွှန့်)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏနေဦးသန်း-ဒေါ်သိန်းသိန်း(ခ)မြမြ တို့၏ ချွေးမ၊ ဦးသန်းမြင့်ဝေ(အကြီးလေး)-ဒေါ်အေးအေးမွန်၊ ဦးစိုးနိုင်-ဒေါ်တင်တင်ထွေးတို့၏ အစ်မ၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ အမှတ်(၁၇/၅၉၂)၊ သရက်ချောင်းလမ်း၊ (၂၅)ရပ်ကွက်နေ ဦးသက်မင်းသန်း (မြန်မာ့ကြယ်ငါးပွင့်သင်္ဘော)၏ ဇနီး၊ မောင်ဖြိုးမြတ်မင်းသန်း၊မခိုင်ဇင်ဇင်သက်၊ ညီညီမင်းသန်း၊ မသဒ္ဒါမင်းသန်းတို့၏ မွေးသမိခင်ကျေးဇူးရှင်သည် ၁၀-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂-၅-၂၀၀၄ရက် ညနေ ၄နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မောင်စည်သူထွန်း(ခ)ချူအင်လိုင်း အသက် (၆)နှစ်

ရမည်းသင်းမြို့၊ တောင်ငူတန်းလမ်း၊ ဝါတိုးဈေးကုန်းရပ်နေ (ဦးဟုန်းကြည်)-ဒေါ်ရှုဝါ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ လှိုင်မြစ်လမ်း၊ အမှတ်(၂၇)နေ (ဦးသောင်းစိန်-ဒေါ်ကြည်)တို့၏ မြေး၊ ရမည်းသင်းမြို့နေ ဦးလှသန်း-ဒေါ်တင်အေး(အောင်စည်ဆေးဆိုင်)တို့၏ သားထွေးသည် ၉-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၁-၅-၂၀၀၄ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ထိန်ပင် အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [လှိုင်မြို့နယ်၊ လှိုင်မြစ်လမ်း၊ အမှတ်(၂၇)နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါ မည်။]

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလ လမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း မေ ၉ရက်က ပုဂံရှိ အလိုတော်ပြည့်ဘုရားအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း ပုဂံ–ညောင်ဦးတွင် ဘုရားများ ဖူးမြော်ကြည်ညို

ရန်ကုန် မေ ၁၀

မန္တလေးတိုင်း ပုဂံ–ညောင်ဦးတွင် ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များနှင့်အတူ မေ ၉ရက် ညပိုင်းတွင် ပုဂံရှိ အလိုတော်ပြည့် ဘုရားအား သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

အလှူငွေပေးအပ်

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းက အလိုတော်ပြည့် ဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

စာမျက်နှာ ၂ ကော်လံ ၅ သို့ ☆

ယနေ့ထုတ် စောင်ရေ

၁၉၇၀၇၁

ပညာရေးကဏ္ဍတိုးတက်မှုများ ခိုင်ခိုင်မာမာ တွေ့မြင်နေရ အခွင့်အလမ်းပွင့် ပညာရေးစနစ် ပီပီပြင်ပြင် ပေါ်ထွန်းလာ အမျိုးသားပညာရည်အဆင့်အတန်း နိုင်ငံတကာအဆင့်မီအောင်ကြိုးပမ်း

ရန်ကုန် မေ ၁၀

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပသည့် ပညာရေးဝန်ကြီးဌာန အခြေခံပညာကဏ္ဍ ၂၀၀၄ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ(ရန်ကုန်) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ ပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❐

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- * နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- * စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- * တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- * အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြည့်ရှုစစ်ဆေး

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၄ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ(ရန်ကုန်) ဖွင့်ပွဲအခမ်းအနားအပြီးတွင် ခန်းမမျက်နှာစာ၌ ခင်းကျင်းပြသထားသော အခြေခံပညာ သိပ္ပံခန်းသုံးပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)